ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# သင်္ချာ

## ပထမတန်း




၂၀၁၇–၂၀၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# သင်္ချာ

## ပထမတန်း

၂၀၁၇–၂၀၁၈

# မာတိကာ


| အခန်း | သင်ခန်းစာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | တစ်ဆယ်အထိကိန်းများ | ၁ |
| ၂ | မည်မျှနှင့်မည်မျှ | ၁၉ |
| ၃ | သုည | ၂၇ |
| ၄ | နောက်ထပ်ဘာလာမလဲ | ၂၉ |
| ၅ | ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိပုံများ | ၃၅ |
| ၆ | အပေါင်း သင်ခန်းစာ ၁ | ၃၉ |
| ၇ | အနုတ် သင်ခန်းစာ ၁ | ၅၂ |
| ၈ | ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၁ | ၆၅ |
| ၉ | ဘယ်ဟာကပိုရှည်သလဲ နှိုင်းယှဉ်ကြမယ် | ၆၈ |

| အခန်း | သင်ခန်းစာ | စာမျက်နှာ |
| --- | --- | --- |
| ၁၀ | နှစ်ဆယ်အထိကိန်းများ | ၇၃ |
| ၁၁ | အပေါင်း သင်ခန်းစာ ၂ | ၈၁ |
| ၁၂ | အနုတ် သင်ခန်းစာ ၂ | ၁၀၂ |
| ၁၃ | ဘယ်အချိန်မှာဘာလုပ်သလဲ | ၁၁၃ |
| ၁၄ | ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၂ | ၁၁၇ |
| ၁၅ | နေရာအဆင့်ပြကိန်းများ | ၁၁၉ |
| ၁၆ | ပုံများဆွဲသားခြင်း | ၁၂၅ |
| ၁၇ | ကိန်းကြီးများ | ၁၃၁ |
| ၁၈ | ကိန်းကြီးများပေါင်းခြင်းနှင့်နုတ်ခြင်း | ၁၄၇ |

# ၁ တစ်ဆယ်အထိကိန်းများ

၁ ပုံထဲက အမျိုးတူပစ္စည်းတွေ ရေကြည့်ကြမယ်





၁

တစ်



၂

နှစ်



၃

သုံး





၄

လေး



၅

ငါး



## ၂ ကိန်းတွေ ရေးကြမယ်















## ၃ ဘယ်လောက်ရှိသလဲ

(က)










(ခ) ပစ္စည်းအရေအတွက်နဲ့တူတဲ့ ကိန်းကို ရေးကြမယ်



၁ ကွက်လပ်မှာ ကိန်းတွေရေးပြီး အရေအတွက်တူတဲ့ ပုံနဲ့ ယှဉ်တွဲပါ



## ကိန်းတွေနဲ့ ကစားကြမယ်

(၁) သစ်ရွက် ဘယ်လောက်ရှိသလဲ
အရေအတွက်အတိုင်း
အကွက်ငယ်တွေကိုစီပြီး
ကိန်းကိုပြောပါ
အရေအတွက်မတူတဲ့ ပစ္စည်းတွေနဲ့
အတူ ရုပ်ပုံအမျိုးမျိုးကိုလည်း
အသုံးပြုပါ




(၂) ဘာကိန်းဖြစ်သလဲ
ကိန်းနဲ့အရေအတွက်တူတဲ့
အဝိုင်းတွေပါတဲ့ ကတ်ပြားကို
ထောင်ပြပါ
ကိန်းကတ်ပြားအမျိုးမျိုးကိုလည်း
အသုံးပြုပါ




(၃) ဘာကိန်းဖြစ်သလဲ
ကိန်းနဲ့ အရေအတွက်တူ
ပစ္စည်းတွေကို ပြပါ
ဘယ်ပစ္စည်းမဆို ပြနိုင်တယ်
ကိန်းကတ်ပြားအမျိုးမျိုးကိုလည်း
အသုံးပြုပါ



## ၄ အမျိုးတူပစ္စည်းတွေ ရေကြည့်ကြမယ်





၆
ခြောက်



၇
ခုနစ်



၈
ရှစ်





၉
ကိုး



၁၀
တစ်ဆယ်



## ၅ ကိန်းတွေရေးကြမယ်



၆ ၆



၇ ၇



၈ ၈



၉ ၉



၁၀ ၁၀

## ၆ ဘယ်လောက်ရှိသလဲ



၂ အရေအတွက်တူတဲ့ပုံနဲ့ ကိန်း ဒါမှမဟုတ် ပုံအချင်းချင်း ယှဉ်တွဲပါ




### ကိန်းတွေနဲ့ ကစားကြမယ်

စာမျက်နှာ (၆) ‘၁ မှ ၅ အထိ ကိန်းတွေနဲ့ကစားကြမယ်’ ကစားနည်းအတိုင်း ၆ မှ ၁၀ အထိကို ကစားပါ

## ဘယ်ဟာကများပြီး ဘယ်ဟာကနည်းသလဲ

(က)




(ခ)



(ဂ)



(ဃ)



ဘယ်ဟာကများပြီး ဘယ်ဟာကနည်းသလဲ



## ၈ ဘယ်ကိန်းကကြီးပြီး ဘယ်ကိန်းကငယ်သလဲ

(က)







(ခ)




**၄** ဘယ်ကိန်းက ကြီးသလဲ

(က) ၅ ၈ (ခ) ၉ ၃

**၅** ဘယ်ကိန်းက ငယ်သလဲ

(က) ၄ ၆ (ခ) ၇ ၂

**၆** ကွင်းအတွင်းက စာလုံးတွေသုံးပြီး ပြင်ပြောပါ

(က) ၆ က ၅ ထက်ကြီးတယ် (ငယ်တယ်)

(ခ) ၃ က ၉ အောက်ငယ်တယ် (ကြီးတယ်)



ဘယ်ဟာကအများဆုံးနဲ့ ဘယ်ဟာကအနည်းဆုံးဖြစ်သလဲ

(က) 

(ခ) 




## ၉ ဘယ်ကိန်းကအကြီးဆုံးနဲ့ ဘယ်ကိန်းကအငယ်ဆုံးဖြစ်သလဲ

(က) ၂ ၄ ၁ (ခ) ၆ ၃ ၈

၇ ဘယ်ကိန်းက အကြီးဆုံး

ဘယ်ကိန်းက အငယ်ဆုံး ဖြစ်သလဲ

(က) ၈ ၅ ၂ (ခ) ၇ ၃ ၁၀

၈ ဘယ်ကိန်းက အငယ်ဆုံး

ဘယ်ကိန်းက အကြီးဆုံး ဖြစ်သလဲ

၇ ၆ ၉ ၄

## ၁၀ ကိန်းကတ်ပြားတွေကို အစဉ်လိုက်စီကြမယ်






၁ ၂ ___ ___ ___ ___ ___ ___ ___ ___

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |

**၉** လိုတဲ့ကိန်းတွေကို ဖြည့်ပါ

(က) | ၁ | | ၃ | ၄ | | ၆ | |

(ခ) | | ၆ | | ၈ | | ၁၀ |

(ဂ) | ၄ | ၅ | | | ၈ | |

# ၁၁ တစ်ကြီးတဲ့ကိန်းနဲ့ တစ်ငယ်တဲ့ကိန်းရှာကြမယ်

ဘယ်ကိန်းက ၄ ထက် ၁ ကြီးပြီး ဘယ်ကိန်းက ၄ အောက် ၁ ငယ်သလဲ




၅ က ၄ ထက် ၁ ကြီးတယ်

၃ က ၄ အောက် ၁ ငယ်တယ်

**၁၀** ၁ ကြီးတဲ့ကိန်းကို ရှာပါ

(က) ၇

______ က ၇ ထက် ၁ ကြီးတယ်

(ခ) ၅

______ က ၅ ထက် ၁ ကြီးတယ်

**၁၁** ၁ ငယ်တဲ့ကိန်းကို ရှာပါ

(ဂ) ၆

______ က ၆ အောက် ၁ ငယ်တယ်

(ဃ) ၉

______ က ၉ အောက် ၁ ငယ်တယ်

**၁၂** ၁ ကြီးတဲ့ကိန်းကို ရေးပါ

(က) ၆ ☐　(ခ) ၉ ☐　(ဂ) ၃ ☐

**၁၃** ၁ ငယ်တဲ့ကိန်းကို ရေးပါ

(က) ☐ ၈　(ခ) ☐ ၂　(ဂ) ☐ ၄

## ၁၂ ကိန်းတွေကို ငယ်ရာကကြီးရာကို အစဉ်လိုက်စီကြမယ်

(က) 


၂ , ၃ , ______ , ______ , ______

(ခ) 


______ , ______ , ______

(ဂ) 


______ , ______ , ______ , ______ ,

(ဃ) 


______ , ______ , ______ , ______ , ______

(င) 


______ , ______ , ______ , ______ , ______

## ၁၃ ကိန်းတွေကို ကြီးရာကငယ်ရာကို အစဉ်လိုက်စီကြမယ်

(က)




၈ ______, ၅ ______, ______, ______, ______

(ခ)




______, ______, ______

(ဂ)




______, ______, ______, ______,

(ဃ)




______, ______, ______, ______, ______

(င)




______, ______, ______, ______, ______

# ၂ မည်မျှနှင့်မည်မျှ








ကလေးတစ်ယောက်စီမှာ ကြယ်သီးအနီ မည်မျှနဲ့
ကြယ်သီးအပြာ မည်မျှစီရှိသလဲ

စုစု မင်းမင်း အေးအေး မောင်မောင်



## ၁ ၅ ဖြစ်အောင်လုပ်ကြည့်ကြမယ်

| ၅ | ●●●●● |
|---|---|

ကြယ်သီးတွေကို ရှင်းရှင်းလင်းလင်း မြင်ရအောင်ထားမယ်

ကြယ်သီးအနီနဲ့အပြာ မည်မျှစီရှိသလဲ




ဘာတွေတွေ့ရသလဲ
တစ်တန်းလုံးကို ပြောပြမယ်

### ၁ မည်မျှနဲ့မည်မျှက ၅ ဖြစ်သလဲ

၅ က



| | | |
|---|---|---|
| ၁ | နဲ့ | ၄ |
| ၂ | နဲ့ | |
| | နဲ့ | |
| | နဲ့ | |

## ၂ ၆ ဖြစ်အောင်လုပ်ကြည့်ကြမယ်

**၆** ●●●●●●

လက်နှစ်ဘက်ထဲမှာ ပဲစေ့ ၆ စေ့ ရှိတယ် လက်သီးဆုပ်ထဲမှာ ပဲစေ့မည်မျှရှိသလဲ





### ၂ မည်မျှနဲ့မည်မျှက ၆ ဖြစ်သလဲ

**၆** က

| | | | |
|---|---|---|---|
| ●○○○○○ | ၁ | နဲ့ | ၅ |
| ●●○○○○ | ၂ | နဲ့ | |
| ●●●○○○ | | နဲ့ | |
| ●●●●○○ | | နဲ့ | |
| ●●●●●○ | | နဲ့ | |

၆ ဖြစ်မယ့် ကိန်းတွဲတွေကို ရေးကြမယ်



## ၃ ၇ ဖြစ်အောင်လုပ်ကြည့်ကြမယ်

၇ 









## ၄ မည်မျှနဲ့မည်မျှက ၇ ဖြစ်သလဲ

၇ က



| | | |
|---|---|---|
| ၁ | နဲ့ | ၆ |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |

## ၄ ၈ ဖြစ်အောင်လုပ်ကြည့်ကြမယ်












## ၄ မည်မျှနဲ့မည်မျှက ၈ ဖြစ်သလဲ

၈ က



| | | |
|---|---|---|
| ၁ | နဲ့ | ၇ |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |

## ၁ ၉ ဖြစ်အောင်လုပ်ကြည့်ကြမယ်

၉ 

၆ နဲ့ ဘယ်ကိန်းကို တွဲရင် ၉ ဖြစ်မလဲ






| ၃ | ၄ | ၆ | ၂ | ၁ |
|---|---|---|---|---|
| ၅ | ၆ | ၃ | ၈ | ၇ |

၉ ရမယ့် ကိန်းနှစ်လုံးကို မျဉ်းတွေနဲ့ဆက်ပြီး ယှဉ်တွဲပါ



## ၂ မည်မျှနဲ့မည်မျှက ၉ ဖြစ်သလဲ

၉ က



| | | |
|---|---|---|
| ၁ | နဲ့ | ၈ |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |

## ၆ ၁၀ ဖြစ်အောင်လုပ်ကြည့်ကြမယ်

၁၀ 

၈ နဲ့ ဘယ်ကိန်းကို တွဲရင် ၁၀ ဖြစ်မလဲ




| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃ | နဲ့ | | ၇ | နဲ့ | | ၆ | နဲ့ | |
| ၁ | နဲ့ | | ၅ | နဲ့ | | ၉ | နဲ့ | |
| ၈ | နဲ့ | | ၄ | နဲ့ | | ၂ | နဲ့ | |

## ၆ မည်မျှနဲ့မည်မျှက ၁၀ ဖြစ်သလဲ

၁၀က



| | | |
|---|---|---|
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |
| | နဲ့ | |

## ၁၀ ဖြစ်မယ့်ကိန်းတွဲတွေကို ရှာကြမယ်






# ၃ သုည

ခြင်းထဲကို ဘောလုံးပစ်ကြမယ်

တစ်ယောက် ၃ လုံးစီပစ်မယ်



## ၁ ဘယ်လောက်စီရှိသလဲ ကြည့်ကြမယ်




_____    _____    ၀

အရေအတွက်အားဖြင့် တစ်ခုမျှ မရှိသည်ကို (တစ်နည်းအားဖြင့်) ဘာမျှမရှိသည်ကို '၀' (သုည)ဖြင့် ဖော်ပြသည်။

**သုညရေးနည်း**

| | | | | | | |
|---|---|---|---|---|---|---|
| ၀ |  | | | | | |

၁ သစ်ကိုင်းပေါ်မှာ ငှက်ဘယ်နှကောင်ရှိသလဲ



_____ _____ _____ _____

ငှက်ကလေးတွေ တစ်ကောင်ပြီးတစ်ကောင်
ပျံထွက်သွားတာ တစ်ကောင်မှ မရှိတော့ဘူးနော်



၂ ပူဖောင်း ဘယ်နှလုံးရှိသလဲ



_____ _____ _____

၃ ကွက်လပ်တွေမှာ သရက်သီးအရေအတွက်ကို ရေးပါ



_____ _____ _____ _____

# ၄ နောက်ထပ်ဘာလာမလဲ



စုစု နဲ့ ထွန်းထွန်း တို့ သင်ပုန်းကို
တစ်လှည့်စီဖျက်ဖို့ ဆုံးဖြတ်ကြတယ်
စုစုက သင်ပုန်းကို အရင်ဖျက်ပြီး ထွန်းထွန်းက
နောက်မှ ဖျက်တယ် အဲဒီနောက် . . .

## ၁ နောက်ထပ် ဘာလာမလဲ ပြောကြည့်ရအောင်








### ၁ နောက်ထပ်ဘာလာမလဲပြောပါ

(က)






(ခ)





(ဂ) 




(ဃ) 




၂ နောက်ထပ်လာမယ့်ပုံကို ဝိုင်းပါ

(က) 



(ခ) 



(ဂ) 



ဇင်ဇင်တို့ မိသားစုမှာ ဇင်ဇင် သူ့ညီမနဲ့
အစ်ကိုတို့ ခြံဝင်းကို တစ်လှည့်စီ တံမြက်စည်း
လှည်းကြတယ် ဇင်ဇင်က မနေ့ကလှည်းပြီး
သူ့ညီမက ဒီနေ့လှည်းတယ် သူ့အစ်ကိုက
မနက်ဖြန် လှည်းမယ် အဲဒီနောက် . . .




## ၂ နောက်ထပ် ဘာလာမလဲ တစ်တွဲစီကြည့်ပြီး ပြောကြည့်ရအောင်




၃ နောက်ထပ်ဘာလာမလဲ ပြောပါ

(က)




(ခ)



(ဂ) 




**၄** နောက်ထပ်လာမယ့်ပုံကို ဝိုင်းပါ

(က) 



(ခ) 



(ဂ) 



(ဃ) 



## လေ့ကျင့်ခန်း (၁)

၁။ နောက်ထပ်ဘာလာမလဲ ဝိုင်းပါ။

(က) 

(ခ) 

(ဂ) 

(ဃ) 

၂။ နောက်ထပ်ဘာလာမလဲ ဝိုင်းပါ။

(က)




(ခ)




(ဂ)




(ဃ)




(င)



# ၅ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိပုံများ

ကလေးတွေ အိမ်က ဘူးခွံတွေနဲ့ ကစားစရာတွေကို ယူလာကြတယ်









## ၁ ပုံတူတဲ့ပစ္စည်းတွေကို စုကြရအောင်








ဘူးဝိုင်းတွေ



လေးထောင့်ဘူးတွေ



အလုံးတွေ



ပစ္စည်းအုပ်စု ၁ စုအတွင်းမှာ ဘာတွေတူသလဲ  အုပ်စု ၃ စုမှာ ဘာတွေကွာခြားသလဲ တခြားထူးခြားချက်တွေကိုလည်း ရှင်းပြပါ

## ၂ ပတ်ဝန်းကျင်မှာရှိတဲ့ပုံတွေကို ရှာကြမယ်









အပေါ်က ဘယ်လိုပုံမျိုးတွေလဲ

အရောင် အရွယ်အစားနဲ့ မဆိုင်ဘဲ ပုံတူတွေကို အုပ်စုဖွဲ့နိုင်တယ် ဒီလိုပုံမျိုးရှိတဲ့ တခြားပစ္စည်း တွေကိုလည်း ရှာကြမယ်



## ၃ ပစ္စည်းတွေနဲ့ ကစားကြမယ်

(က) ပစ္စည်းတွေကို တင်ကြည့်ရအောင်




(ခ) ပစ္စည်းတွေကို မြင့်နိုင်သမျှမြင့်အောင် ထပ်တင်ကြမယ်



## ၄ ပစ္စည်းတွေကိုသုံးပြီး ပုံအမျိုးမျိုး လုပ်ကြည့်ကြရအောင်













# ၆ အပေါင်း သင်ခန်းစာ ၁

## အတူတူထားရင်အားလုံးဘယ်လောက်ရှိမလဲ

ကိန်းတွေကို ပုံပြင်လို ပြောကြည့်ရအောင်

အောင်အောင်က ပန်းသီး ၃ လုံးရတယ် နွယ်နွယ်က ပန်းသီး ၂ လုံးရတယ်



အတူတူထားရင် ပန်းသီးအားလုံး ____ လုံးရတယ်






လက်တစ်ဖက်မှာ အကွက် ____ ကွက် နောက်တစ်ဖက်မှာ အကွက် ____ ကွက်ရှိတယ်

အတူတူထားရင် အကွက်ပေါင်း ____ ကွက်ရှိတယ်



## ၁ အတူတူထားလိုက်ရင် ငါးအားလုံး ဘယ်လောက်ရှိသလဲ





ငါးအစား အကွက်သုံးရင် အကွက် ၃ ကွက်နဲ့
၁ ကွက်ကို အတူတူထားရမယ်

၃ နှင့် ၁ ကို အတူတူထားလျှင် ၄ ဖြစ်သည်ကို

**၃ + ၁ = ၄**

ဟု ရေးသည်။

အဖြေ ငါး ၄ ကောင်



"၃ အပေါင်း ၁ အညီ ၄" လို့ဖတ်တယ်
"**+**" ကို အပေါင်း "**=**" ကို အညီလို့ ဖတ်တယ်
**၃ + ၁ = ၄** ကို ညီမျှခြင်းလို့ ခေါ်တယ်
ဒီတွက်နည်းကို **ပေါင်းခြင်း** လို့ခေါ်တယ်

၁ ရှေ့စာမျက်နှာက ပုံပြင်အတွက် ညီမျှခြင်းတစ်ခုရေးပြီး အဖြေဖော်ပြပါ

## လေ့ကျင့်ခန်း (၁)

၁။ ကြက် ၂ ကောင်နှင့် ကြက် ၁ ကောင်ရှိသည်။ အတူတူထားလျှင် ကြက်အားလုံး မည်မျှရှိသနည်း။



__၂__ + __၁__ = _____ အဖြေ ______ ကောင်

၂။ ဘောလုံး ၃ လုံးနှင့် ဘောလုံး ၂ လုံးရှိသည်။ အတူတူထားလျှင် ဘောလုံးအားလုံး မည်မျှရှိသနည်း။



_____ + _____ = _____ အဖြေ ______ လုံး

၃။ ပူဖောင်းအနီ ၁ လုံး၊ အပြာ ၄ လုံးရှိသည်။ ပူဖောင်းအားလုံး မည်မျှရှိသနည်း။



_____ + _____ = _____ အဖြေ ______ လုံး

၄။ အောက်ပါတို့ကို တွက်ပါ။

(က) ၁ + ၂ (ခ) ၃ + ၁ (ဂ) ၂ + ၂ (ဃ) ၂ + ၃

၅။ အတူတူထားလိုက်လျှင် ငှက်ပျောသီးအားလုံး မည်မျှရှိသနည်း။



________________________ အဖြေ ______ လုံး

၆။ ပန်းအနီ ၃ ပွင့်၊ ပန်းအဝါ ၅ ပွင့်ရှိသည်။ ပန်းပွင့်အားလုံး မည်မျှရှိသနည်း။



________________________ အဖြေ ______ ပွင့်

၇။ အောက်ပါတို့ကို တွက်ပါ။

(က) ၄ + ၄ (ခ) ၇ + ၁ (ဂ) ၂ + ၅ (ဃ) ၆ + ၃

## ၂ အပေါင်းပုံပြင်တွေ ပြောပြရအောင်

(က) ၆ + ၂ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပါ



ကြောင် ______ကောင်နဲ့ ______ကောင်ရှိတယ် ကြောင်အားလုံး ______ ကောင် ရတယ်

(ခ) ၃ + ၄ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပါ



ကားအနီ ______စီးနဲ့ ကားအပြာ ______ စီးရှိတယ် အတူတူထားရင် ကားအားလုံး ______စီးရှိတယ်

(ဂ) ၁ + ၅ အတွက် ပုံဆွဲပြပြီး ပုံပြင်ပြောပါ






# တိုးလာပြီးရင်ဘယ်လောက်ရှိမလဲ

## ပုံပြင်ပြောကြမယ်





ရေကန်ထဲမှာ လိပ် ၅ ကောင်
ရှိတယ် လိပ် ၁ ကောင်
ထပ်တိုးလာတယ်

တိုးလာပြီးရင် လိပ်အားလုံး
____ကောင် ဖြစ်သွားတယ်





အခု ပုံပြင်ပြောဖို့ အကွက်ငယ် သုံးကြမယ်

အကွက် ___ ကွက်ရှိတယ် အကွက်
___ ကွက် ထပ်တိုးလိုက်မယ်

တိုးလာပြီးရင် အကွက်_____
ကွက်ဖြစ်သွားတယ်





## ၃ တိုးလာပြီးရင် ငါးအားလုံး ဘယ်လောက်ရှိမလဲ










အကွက် ___ ကွက်ရှိတယ်
နောက်ထပ်အကွက် ___
ကွက် တိုးမယ်

၅ ကို ၂ တိုးလျှင် ၇ ဖြစ်သည်ကို

**၅ + ၂ = ၇**

ဟု ရေးသည်။

အဖြေ ငါး ၇ ကောင်




၂ ရှေ့စာမျက်နှာက ပုံပြင်အတွက် ညီမျှခြင်းတစ်ခုရေးပြီး အဖြေဖော်ပြပါ

## လေ့ကျင့်ခန်း (၂)

၁။ နာနတ်သီး ၂ လုံးရှိသည်။ နောက်ထပ် ၃ လုံးတိုးလာသည်။
တိုးလာပြီးနောက် နာနတ်သီးမည်မျှရှိသနည်း။



____ + ____ = ____ အဖြေ ______ လုံး

၂။ ကြက် ၄ ကောင်ရှိသည်။ နောက်ထပ် ကြက် ၄ ကောင်တိုးလာသည်။
တိုးလာပြီးနောက် ကြက်အားလုံး မည်မျှရှိသနည်း။



____ + ____ = ____ အဖြေ ______ ကောင်

၃။ မိမိတွင် လိမ္မော်သီး ၅ လုံးရှိသည်။ လိမ္မော်သီး ၃ လုံးထပ်ရသည်။ သူ့မှာ
လိမ္မော်သီးအားလုံး မည်မျှရှိသနည်း။



____ + ____ = ____ အဖြေ ______ လုံး

၄။ အေးအေးတွင်ခဲတံ ၃ ချောင်းရှိသည်။ သူ၏အမေက ၆ ချောင်းထပ်ပေးလိုက်သော် အေးအေးတွင် ခဲတံမည်မျှရှိမည်နည်း။



_______________________________ အဖြေ ________ ချောင်း

၅။ အောက်ပါတို့ကိုတွက်ပါ။

(က) ၆ + ၁ (ခ) ၃ + ၃ (ဂ) ၂ + ၇ (ဃ) ၄ + ၅

၆။ လိပ်ပြာ ၆ ကောင်ရှိသည်။ နောက်ထပ် လိပ်ပြာ ၄ ကောင်တိုးလာသည်။ တိုးလာပြီးနောက် လိပ်ပြာမည်မျှရှိသနည်း။



_______________________________ အဖြေ ________ ကောင်

၇။ ငါး ၃ ကောင်ရှိသည်။ ငါး ၇ ကောင်ထပ်တိုးလာသည်။ တိုးလာပြီးနောက် ငါးအားလုံး မည်မျှရှိသနည်း။

၈။ အောက်ပါတို့ကိုတွက်ပါ။

(က) ၅ + ၅ (ခ) ၃ + ၄ (ဂ) ၇ + ၂

(ဃ) ၃ + ၆ (င) ၉ + ၁ (စ) ၂ + ၅

## ၄ အပေါင်းပုံပြင်တွေ ပြောပြရအောင်

(က) ၄ + ၃ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပြပါ



မျောက် ____ ကောင်ရှိတယ် နောက်ထပ် မျောက် ____ ကောင် တိုးလာတယ်
တိုးလာပြီးရင် မျောက်အားလုံး ____ ကောင်ရှိတယ်

(ခ) ၂ + ၈ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပြပါ



မောင်မောင်မှာ ကိတ်မုန့် ____ ခုရှိတယ် အခု သူ့ကို ကိတ်မုန့် ____ ခု
ထပ်ပေးလိုက်တယ် ထပ်ပေးလိုက်ပြီးရင် မောင်မောင်မှာကိတ်မုန့် ____ ခုရှိတယ်

(ဂ) ၃ + ၅ အတွက် ပုံဆွဲပြပြီး ပုံပြင်ပြောပြပါ









## သုညနဲ့ပေါင်းကြမယ်

**၁** **ခြင်းတောင်းနှစ်ခုထဲက ဘောလုံးတွေကို အတူတူထားလိုက်ရင် ဘောလုံးဘယ်လောက်ရှိသလဲ**



၂ + ၁ = ____ လုံး



၂ + ၀ = ____ လုံး



၁ + ____ = ____ လုံး



၀ + ၂ = ____ လုံး



____ + ၁ = ____ လုံး



၀ + ၀ = ____ လုံး




**၂** ပေါင်းပါ

(က) ၄ + ၀ (ခ) ၀ + ၇ (ဂ) ၀ + ၈

(ဃ) ၆ + ၀ (င) ၀ + ၃ (စ) ၉ + ၀

## အပေါင်းကတ်ပြားတွေရေးပြီး စီကြမယ်

| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
|---|---|---|---|---|---|---|---|---|
| ၁ + ၁ | ၁ + ၂ | ၁ + ၃ | ၁ + ၄ | ၁ + ၅ | ၁ + ၆ | ၁ + ၇ | ၁ + ၈ | ၁ + ၉ |
| | ၂ + ၁ | ၂ + ၂ | ၂ + ၃ | ၂ + ၄ | ၂ + ၅ | ၂ + ၆ | ၂ + ၇ | ၂ + ၈ |
| | | ၃ + ၁ | ၃ + ၂ | ၃ + ၃ | ၃ + ၄ | ၃ + ၅ | ၃ + ၆ | ၃ + ၇ |
| | | | ၄ + ၁ | ၄ + ၂ | ၄ + ၃ | ၄ + ၄ | ၄ + ၅ | ၄ + ၆ |
| | | | | ၅ + ၁ | ၅ + ၂ | ၅ + ၃ | ၅ + ၄ | ၅ + ၅ |
| | | | | | ၆ + ၁ | ၆ + ၂ | ၆ + ၃ | ၆ + ၄ |
| | | | | | | ၇ + ၁ | ၇ + ၂ | ၇ + ၃ |
| | | | | | | | ၈ + ၁ | ၈ + ၂ |
| | | | | | | | | ၉ + ၁ |

**အပေါင်းကတ်ပြား**

| | |
|---|---|
| ၅ + ၃ | ရှေ့ဘက် |
| ၈ | နောက်ဘက် |

(က) အပေါင်းကတ်ပြားတွေရေးပြီး အဖြေတူအပေါင်းကတ်ပြားတွေကို ဒေါင်လိုက်စီပါ

(ခ) ဒေါင်လိုက်စီထားတဲ့ အပေါင်းကတ်ပြားတွေကို ကြည့်ရင် ရှေ့ကိန်းအစဉ်နဲ့ နောက်ကိန်းအစဉ်တွေမှာ ဘယ်လိုတွေ့ရသလဲ

(ဂ) အလျားလိုက်စီထားတဲ့ အပေါင်းကတ်ပြားတွေကိုကြည့်ရင် ဘယ်လိုတွေ့ရသလဲ

(ဃ) တခြားဘာတွေကို ထပ်တွေ့ရသလဲ

## လေ့ကျင့်ခန်း (၃)

၁။ အောက်ပါတို့ကိုပေါင်းပါ။

| | | |
|---|---|---|
| (က) ၅ + ၄ | (ခ) ၁ + ၆ | (ဂ) ၇ + ၃ |
| (ဃ) ၄ + ၃ | (င) ၅ + ၀ | (စ) ၂ + ၆ |
| (ဆ) ၃ + ၁ | (ဇ) ၂ + ၇ | (ဈ) ၀ + ၀ |
| (ည) ၈ + ၁ | (ဋ) ၄ + ၆ | (ဌ) ၅ + ၂ |
| (ဍ) ၃ + ၃ | (ဎ) ၁ + ၇ | (ဏ) ၆ + ၃ |

၂။ ပန်းသီးအစိမ်း ၅ လုံးနှင့် ပန်းသီးအနီ ၂ လုံးရှိသည်။ အတူတူထားလျှင် ပန်းသီးမည်မျှရှိသနည်း။

၃။ နွယ်နွယ်တွင် ပန်းအနီ ၃ ပွင့်နှင့် ပန်းအဖြူ ၆ ပွင့်ရှိသည်။ သူ့မှာ ပန်းပွင့်အားလုံးပေါင်း မည်မျှရှိမည်နည်း။

၄။ ကျောင်းကစားကွင်းတွင် မောင်မောင်တစ်ယောက်တည်းရှိနေသည်။ နောက်ထပ် သူငယ်ချင်း ၉ယောက် ရောက်လာသည်။ ကျောင်းကစားကွင်းတွင် ကလေးပေါင်း မည်မျှရှိသနည်း။

၅။ ယောကျ်ားလေးတစ်ယောက်သည် သကြားလုံး ၄ လုံး၊ မိန်းကလေး တစ်ယောက်သည် သကြားလုံး ၄ လုံးဝယ်လာသည်။ သူတို့သည် သကြားလုံးပေါင်း မည်မျှဝယ်လာသနည်း။

၆။ အိမ်ခေါင်မိုးပေါ်တွင် ငှက် ၇ ကောင်ရှိသည်။ နောက်ထပ် ငှက် ၂ ကောင် ရောက်လာသည်။ ငှက်အားလုံးပေါင်း မည်မျှရှိသနည်း။

# ၇ အနုတ် သင်ခန်းစာ ၁

## ဘယ်လောက်ကျန်သလဲ

ပုံပြင်ပြောကြမယ်



ပူဖောင်း ၄ လုံး ရှိတယ်

ပူဖောင်း ၃ လုံး လျော့သွားတယ်

လျော့သွားတဲ့နောက်
ပူဖောင်း______ လုံးကျန်တယ်








အကွက် ____ ကွက် ရှိတယ်

အကွက် ____ ကွက် ဖယ်လိုက်တယ်



ဖယ်လိုက်တဲ့နောက်
အကွက် _____ ကွက် ကျန်တယ်

## ၁ ပန်းသီး ၂ လုံး စားလိုက်ရင် ပန်းသီး ဘယ်လောက်ကျန်သလဲ






၅ မှ ၂ လျှော့လျှင် ၃ ကျန်သည်ကို

**၅ − ၂ = ၃**

ဟု ရေးသည်။

အဖြေ ပန်းသီး ၃ လုံး




၁ ရှေ့စာမျက်နှာက ပုံပြင်အတွက် ညီမျှခြင်းတစ်ခုရေးပြီး အဖြေဖော်ပြပါ

## လေ့ကျင့်ခန်း (၁)

၁။ ငှက် ၄ ကောင် ရှိသည်။ ငှက် ၂ ကောင် ပျံသွားလျှင် ငှက်မည်မျှကျန်သနည်း။



၄ - ၂ = ____ အဖြေ ____ ကောင်

၂။ ကြောင် ၃ ကောင်ရှိသည်။ ကြောင် ၁ ကောင် ထွက်သွားလျှင် ကြောင်မည်မျှ ကျန်သနည်း။



____ - ____ = ____ အဖြေ ____ ကောင်

၃။ ပင့်ကူ ၅ ကောင် ရှိသည်။ ပင့်ကူ ၁ ကောင်ထွက်သွားလျှင် ပင့်ကူမည်မျှ ကျန်သနည်း။



____ - ____ = ____ အဖြေ ____ ကောင်

၄။ သရက်သီး ၃ လုံးရှိသည်။ သရက်သီး ၂ လုံးစားလိုက်လျှင် သရက်သီးမည်မျှ ကျန်သနည်း။



____________________________ အဖြေ ______ လုံး

၅။ ဘဲ ၅ ကောင်ရှိသည်။ ဘဲ ၄ ကောင် ထွက်သွားလျှင် ဘဲမည်မျှကျန်သနည်း။



____________________________ အဖြေ ______ ကောင်

၆။ ကလေး ၈ ယောက်ရှိသည်။ ကလေး ၅ ယောက် ထွက်သွားလျှင် ကလေးမည်မျှ ကျန်သနည်း။



____________________________ အဖြေ ______ ယောက်

၇။ အောက်ပါတို့ကိုတွက်ပါ။

(က) ၅ – ၂ (ခ) ၄ – ၁ (ဂ) ၅ – ၃ (ဃ) ၃ – ၁

(င) ၆ – ၅ (စ) ၉ – ၄ (ဆ) ၇ – ၂ (ဇ) ၈ – ၆

## ၂ အနုတ်ပုံပြင်တွေ ပြောပြရအောင်

(က) ၈ − ၃ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပါ



လိမ္မော်သီး ______ လုံးရှိတယ် လိမ္မော်သီး _____လုံးကို စားလိုက်တယ်
လိမ္မော်သီး ______ လုံးကျန်တယ်

(ခ) ၇ − ၄ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပါ



ဆိတ် ______ ကောင်ရှိတယ် ဆိတ် ______ ကောင် ထွက်ပြေးသွားတယ်
ဆိတ် ______ ကောင် ကျန်တယ်

(ဂ) ၆ − ၂ အတွက် ပုံဆွဲပြပြီး ပုံပြင်ပြောပါ









**၂** (ဃ) **ပန်းအဝါနဲ့ ပန်းအနီ အားလုံးပေါင်း ပန်း ၉ ပွင့်ရှိတယ် ပန်းအနီ ၄ ပွင့်ရှိရင် ပန်းအဝါ ဘယ်နှပွင့်ရှိသလဲ**



_____ - _____ = _____ အဖြေ _____ ပွင့်

**၂** အစိမ်းရောင်နဲ့ အပြာရောင်ဘောလုံး အားလုံးပေါင်း ၆ လုံးရှိတယ် ဘောလုံး ၃ လုံးက အပြာရောင်ဖြစ်ရင် အစိမ်းရောင်ဘောလုံး ဘယ်နှလုံးရှိသလဲ



________________________ အဖြေ _____ လုံး

**၃** အခန်းထဲမှာ ကလေး ၁၀ ယောက်ရှိတယ် ၂ ယောက်က ယောကျ်ားလေးဖြစ်တယ် မိန်းကလေး ဘယ်နှယောက်ရှိသလဲ

## လေ့ကျင့်ခန်း (၂)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၇ - ၂ (ခ) ၈ - ၆ (ဂ) ၅ - ၄ (ဃ) ၉ - ၇

(င) ၁၀ - ၃ (စ) ၁၀ - ၇ (ဆ) ၁၀ - ၅ (ဇ) ၁၀ - ၈

## ဘယ်လောက်ခြားနားသလဲ

ပုံပြင်တစ်ပုဒ်ပြောပြမယ်



နွားညို ____ ကောင်
နွားမည်း ____ ကောင်
ရှိတယ်



နွားညိုက နွားမည်းထက် ____ ကောင်ပိုများတယ်






အဝါရောင်အကွက် ____ ကွက်နဲ့
အဖြူရောင်အကွက် ____ ကွက်
ရှိတယ်



အဝါရောင်အကွက်က အဖြူရောင်
အကွက်ထက်____ ကွက် ပိုများတယ်

၇ က ၅ ထက် ၂ ပိုကြီးတယ် (နောက်တစ်နည်း) ၇ နဲ့ ၅ ရဲ့ ခြားနားခြင်းက ၂ ဖြစ်တယ်

## ၃ ကြက်ဝါတွေက ကြက်နီတွေထက် ဘယ်လောက်ပိုများသလဲ





၉ က ၆ ထက် ၃ ပိုများသည်။ (နောက်တစ်နည်း)

၉ နှင့် ၆ ၏ ခြားနားခြင်းသည် ၃ ဖြစ်သည်ကို

**၉ − ၆ = ၃**

ဟု ရေးသည်။

အဖြေ ၃ ကောင်




၄ ရှေ့စာမျက်နှာက ပုံပြင်ကို ညီမျှခြင်းတစ်ခုရေးပြီး အဖြေဖော်ပြပါ

## လေ့ကျင့်ခန်း (၃)

၁။ ကျီးကန်း ၄ ကောင်နှင့် ကြက် ၃ ကောင်ရှိသည်။ ကျီးကန်းသည် ကြက်ထက် မည်မျှပိုများသနည်း။



______ - ______ = ______        အဖြေ ______ ကောင်

၂။ ခွေး ၅ ကောင်နှင့် ကြောင် ၈ ကောင်ရှိသည်။ ကြောင်သည် ခွေးထက် မည်မျှ ပိုများသနည်း။



______ - ______ = ______        အဖြေ ______ ကောင်

၃။ ပန်းကန်ပြား ၂ ချပ်နှင့် ကိတ်မုန့် ၆ ခု ရှိသည်။ ပန်းကန်ပြားတစ်ချပ်လျှင် ကိတ်မုန့်တစ်ခုစီထည့်သော် ပန်းကန်ပြား မည်မျှထပ်လိုသနည်း။

၄။ ကိန်းနှစ်ခု၏ ခြားနားခြင်းကို ရှာပါ။

(က) ၁၀ နှင့် ၁    (ခ) ၉ နှင့် ၈    (ဂ) ၅ နှင့် ၇

(ဃ) ၅ နှင့် ၂    (င) ၁၀ နှင့် ၄    (စ) ၃ နှင့် ၆

၅။ ကားအနီ ၄ စီးနှင့် ကားအပြာ ၁၀ စီးရှိသည်။ ကားအနီနှင့် ကားအပြာ အရေအတွက် မည်မျှခြားနားသနည်း။

## ၄ အနုတ်ပုံပြင် ပြောကြမယ်

(က) ၇ – ၄ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပါ



ပန်းသီးအနီ ______ လုံးနဲ့ ပန်းသီးအစိမ်း______လုံးရှိတယ်

ပန်းသီးအနီက ပန်းသီးအစိမ်းထက် ______ လုံးပိုများတယ်

(ခ) ၉ – ၇ အတွက် ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပါ



ခရမ်းသီး______လုံးနဲ့ မုန်လာဥနီ______လုံးရှိတယ် ခရမ်းသီးက
မုန်လာဥနီထက်______ လုံး ပိုများတယ်

(ဂ) ၈ – ၃ အတွက် ပုံဆွဲပြပြီး ပုံပြင်ပြောပါ



## သုညကိုနုတ်ကြမယ်

**၅** ပူဖောင်း ၃ လုံးရှိတယ် ပူဖောင်းတချို့ လွှတ်သွားရင် ပူဖောင်း ဘယ်နှလုံးကျန်သလဲ



၃ − ၁ = ______ လုံး

၃ − ၂ = ______ လုံး

၃ − ၃ = ______ လုံး

၃ − ၀ = ______ လုံး







**၄** တွက်ပါ

(က) ၄ − ၀ (ခ) ၅ − ၅ (ဂ) ၁၀ − ၀

(ဃ) ၀ − ၀ (င) ၆ − ၀ (စ) ၂ − ၂

## အနုတ်ကတ်ပြားတွေရေးပြီး စီကြမယ်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
|---|---|---|---|---|---|---|---|---|
| ၂ – ၁ | ၃ – ၁ | ၄ – ၁ | ၅ – ၁ | ၆ – ၁ | ၇ – ၁ | ၈ – ၁ | ၉ – ၁ | ၁၀ – ၁ |
| ၃ – ၂ | ၄ – ၂ | ၅ – ၂ | ၆ – ၂ | ၇ – ၂ | ၈ – ၂ | ၉ – ၂ | ၁၀ – ၂ | |
| ၄ – ၃ | ၅ – ၃ | ၆ – ၃ | ၇ – ၃ | ၈ – ၃ | ၉ – ၃ | ၁၀ – ၃ | | |
| ၅ – ၄ | ၆ – ၄ | ၇ – ၄ | ၈ – ၄ | ၉ – ၄ | ၁၀ – ၄ | | | |
| ၆ – ၅ | ၇ – ၅ | ၈ – ၅ | ၉ – ၅ | ၁၀ – ၅ | | | | |
| ၇ – ၆ | ၈ – ၆ | ၉ – ၆ | ၁၀ – ၆ | | | | | |
| ၈ – ၇ | ၉ – ၇ | ၁၀ – ၇ | | | | | | |
| ၉ – ၈ | ၁၀ – ၈ | | | | | | | |
| ၁၀ – ၉ | | | | | | | | |

**အနုတ်ကတ်ပြား**

| | |
|---|---|
| ၆ – ၂ | ရှေ့ဘက် |
| ၄ | နောက်ဘက် |

(က) အနုတ်ကတ်ပြားတွေရေးပြီး
အဖြေတူအနုတ်ကတ်ပြားတွေကို ဒေါင်လိုက်စီပါ

(ခ) ဒေါင်လိုက်စီထားတဲ့ အနုတ်ကတ်ပြားတွေကို ကြည့်ရင်
ရှေ့ကိန်းအစဉ်နဲ့ နောက်ကိန်းအစဉ်တွေမှာ ဘယ်လိုတွေ့ရသလဲ

(ဂ) အလျားလိုက်စီထားတဲ့ အနုတ်ကတ်ပြားတွေကိုကြည့်ရင် ဘယ်လိုတွေ့ရသလဲ

(ဃ) တခြားဘာတွေကို ထပ်တွေ့ရသလဲ

## လေ့ကျင့်ခန်း (၄)

၁။ အောက်ပါတို့ကို တွက်ပါ။

| | | |
|---|---|---|
| (က) ၅ − ၄ | (ခ) ၇ − ၅ | (ဂ) ၉ − ၆ |
| (ဃ) ၁၀ − ၁၀ | (င) ၉ − ၃ | (စ) ၈ − ၄ |
| (ဆ) ၁၀ − ၁ | (ဇ) ၈ − ၀ | (ဈ) ၆ − ၂ |
| (ည) ၈ − ၃ | (ဋ) ၄ − ၁ | (ဌ) ၀ − ၀ |
| (ဍ) ၈ − ၆ | (ဎ) ၉ − ၄ | (ဏ) ၁၀ − ၂ |

၂။ ကားအရောင်းဆိုင်တွင် ကား ၅ စီးရှိသည်။ ကား ၂ စီး ရောင်းလိုက်သော် ကားမည်မျှကျန်သနည်း။

၃။ စာသင်ခန်းတစ်ခန်းတွင် ယောကျ်ားလေး ၇ ယောက်နှင့် မိန်းကလေး ၉ ယောက် ရှိသည်။ မိန်းကလေးသည် ယောကျ်ားလေးထက် မည်မျှပိုများသနည်း။

၄။ မောင်မောင်တွင် သကြားလုံး ၇ လုံးရှိသည်။ သကြားလုံး ၃ လုံးစားလိုက်သော် သကြားလုံးမည်မျှကျန်သနည်း။

၅။ သစ်ကိုင်းပေါ်တွင် ငှက် ၁၀ ကောင်ရှိသည်။ ငှက် ၅ ကောင် ပျံသွားသော် ငှက်မည်မျှကျန်သနည်း။

၆။ ရှဉ့် ၈ ကောင်နှင့် မျောက် ၅ ကောင်ရှိသည်။ ရှဉ့်နှင့်မျောက် မည်သည်က များသနည်း။ မည်မျှပိုများသနည်း။

၇။ ကလေး ၁၀ ယောက်ရှိပြီး ၄ ယောက်မှာ မိန်းကလေးဖြစ်သည်။ ယောကျ်ားလေးနှင့် မိန်းကလေး မည်သည်ကပိုများသနည်း။ မည်မျှပိုများသနည်း။

၈။ ပန်းပွင့် ၉ ပွင့်ရှိသည်။ ပန်းပွင့် ၅ ပွင့်သည် အနီရောင်ဖြစ်ပြီး ကျန်ပန်းပွင့်များသည် အဖြူရောင်ဖြစ်သည်။ ပန်းပွင့်အနီနှင့် အဖြူ မည်သည်က ပိုများသနည်း။ မည်မျှပိုများသနည်း။

# ၁ ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၁

## ၁ ဘယ်လောက်ရှိသလဲပြောကြည့်ရအောင်

ကြောင် ၄ ကောင်ရှိတယ်





၄

နောက်ထပ် ကြောင် ၂ ကောင် ရောက်လာတယ်





၄ + ၂

ကြောင် ၃ ကောင် ထပ်ရောက်လာတယ်





၄ + ၂ + ၃

နောက်ဆုံး ကြောင်အားလုံးပေါင်း ဘယ်လောက်ရှိသလဲ

၄ + ၂ + ၃ = ________ အဖြေ ________ ကောင်

**၁** ၅ + ၁ + ၂ ကို တွက်ပါ



**၂** တွက်ပါ

(က) ၃ + ၄ + ၁ (ခ) ၁ + ၂ + ၃ (ဂ) ၃ + ၅ + ၂

(ဃ) ၁ + ၁ + ၅ (င) ၆ + ၁ + ၂ (စ) ၇ + ၂ + ၁

## ၂ ဘယ်လောက်ရှိသလဲတွက်ကြည့်ရအောင်

ယုန် ၈ ကောင် ရှိတယ် → နောက်ယုန် ၁ ကောင် ထွက်သွားတယ် → ယုန် ၃ ကောင် ထပ်ထွက်သွားတယ်



၈     ၈ − ၁     ၈ − ၁ − ၃

နောက်ဆုံး ယုန်ဘယ်လောက်ကျန်သလဲ

၈ − ၁ − ၃ = ________     အဖြေ ________ ကောင်

### ၃ တွက်ပါ

| | | |
|---|---|---|
| (က) ၈ − ၃ − ၂ | (ခ) ၆ − ၄ − ၁ | (ဂ) ၁၀ − ၂ − ၅ |
| (ဃ) ၇ − ၁ − ၆ | (င) ၉ − ၃ − ၃ | (စ) ၁၀ − ၇ − ၂ |

## ၃ ဘယ်လောက်ရှိသလဲ ပြောကြည့်ရအောင်

စာကလေး ၄ ကောင် ရှိတယ် → နောက်ထပ် စာကလေး ၂ ကောင် ရောက်လာတယ် → နောက်ဆုံး စာကလေး ၅ ကောင် ပျံသွားတယ်



၄     ၄ + ၂     ၄ + ၂ − ၅

### ၄ တွက်ပါ

| | | |
|---|---|---|
| (က) ၈ + ၁ − ၃ | (ခ) ၃ + ၄ − ၆ | (ဂ) ၄ + ၆ − ၅ |
| (ဃ) ၅ + ၂ − ၃ | (င) ၆ + ၃ − ၉ | (စ) ၇ + ၃ − ၁ |

## ၄ ဘယ်လောက်ရှိသလဲ ပြောကြည့်ရအောင်

ငှက် ၁၀ ကောင်ရှိတယ်

နောက် ငှက် ၈ ကောင် ပျံသွားတယ်

နောက်ထပ် ငှက် ၃ ကောင် ရောက်လာတယ်



၁၀ ၁၀ − ၈ ၁၀ − ၈ + ၃

**၅** တွက်ပါ

(က) ၅ − ၃ + ၂ (ခ) ၁၀ − ၄ + ၃ (ဂ) ၄ − ၂ + ၈

(ဃ) ၇ − ၃ + ၃ (င) ၁၀ − ၇ + ၅ (စ) ၈ − ၈ + ၆

### လေ့ကျင့်ခန်း (၁)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၅ + ၁ + ၃ (ခ) ၇ − ၂ − ၄ (ဂ) ၈ + ၂ − ၃ (ဃ) ၁၀ − ၇ + ၄

(င) ၄ + ၅ − ၆ (စ) ၂ − ၂ + ၉ (ဆ) ၄ + ၃ + ၃ (ဇ) ၉ − ၆ − ၂

၂။ ကလေး ၇ ယောက် ကစားကွင်းတွင် ကစားနေသည်။ နောက်ထပ် ကလေး ၃ ယောက် ရောက်လာသည်။ ထို့နောက် ကလေး ၄ ယောက် အိမ်ပြန်သွားသည်။ ကစားကွင်းတွင် နောက်ဆုံး ကလေးမည်မျှကျန်သနည်း။

၃။ ထွန်းထွန်းမှာ ပန်းသီး ၁၀ လုံး ရှိသည်။ ထွန်းထွန်းသည် ပထမနေ့တွင် ပန်းသီး ၄ လုံး နောက်တစ်နေ့တွင် ပန်းသီး ၂ လုံး စားလိုက်သည်။ ထွန်းထွန်းမှာ နောက်ဆုံး ပန်းသီးမည်မျှကျန်သနည်း။

၄။ ကျောင်းပန်းခြံတွင် ပန်းအဖြူ ၃ ပွင့်၊ ပန်းအပြာ ၂ ပွင့်နှင့် ပန်းအနီ ၄ ပွင့် ရှိသည်။ ကျောင်းပန်းခြံတွင် ပန်းပွင့်အားလုံး မည်မျှရှိသနည်း။

# ၉ ဘယ်ဟာကပိုရှည်သလဲ နှိုင်းယှဉ်ကြမယ်

## ၁ ဘယ်ဟာက အလျားပိုရှည်သလဲ

(က)



(ခ)





အပြာရောင် ခဲတံက
ပိုရှည်မယ် ထင်တယ်



ကြိုးနှစ်ချောင်းက
အရှည် တူတူလိုပဲ

(ဂ) ပုံမှာ အလျား(က)နဲ့ အလျား(ခ) ဘယ်ဟာက ပိုရှည်သလဲ



ဘယ်လို
နှိုင်းယှဉ်ရမလဲ




အလျား(ခ)

အလျား(က)



ဖြစ်ရပ်တစ်ခုစီမှာ အလျားတွေကို
ဘယ်လိုနှိုင်းယှဉ်မလဲ ရှင်းပြမယ်




**၁** ဘယ်ဟာက ရှည်သလဲ ဘယ်ဟာက တိုသလဲ ဘယ်လိုသိသလဲ

(က)



(ခ)



**၂** ကွက်လပ်တွေကိုဖြည့်ပြီး စာကြောင်းကို ပြင်ရေးပါ

အနီရောင်ထီးက အပြာရောင်ထီးထက် ပိုရှည်တယ်

➡ ______ထီးက______ထီးအောက် တိုတယ်

## ၂ အလျားတွေကို ဘယ်လိုနှိုင်းယှဉ်ကြမလဲ









**စားပွဲအနားတွေရဲ့ အလျားနဲ့ တံခါးပေါက်အကျယ်ကို နှိုင်းယှဉ်ပြီး စားပွဲကို တံခါးပေါက်က ထုတ်လို့ ရ မရ ပြောပါ**








## ၃ ဘယ်ဟာက ပိုရှည်သလဲ ဘယ်လောက်ပိုရှည်သလဲ











ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

(၁) အလျား(က)က လက်တစ်ထွာနဲ့ ______ ထွာ
အလျား(ခ)က လက်တစ်ထွာနဲ့ ______ ထွာ ရှည်တယ်

(၂) အလျား(က)က ခဲတံနဲ့ ______ ချောင်း
အလျား(ခ)က ခဲတံနဲ့ ______ ချောင်း ရှည်တယ်

(၃) အလျား(က)က ခဲဖျက်နဲ့ ______ တုံး
အလျား(ခ)က ခဲဖျက်နဲ့ ______ တုံး ရှည်တယ်

၃ ဘယ်ဟာက ပိုရှည်သလဲ ဘယ်လောက်ပိုရှည်သလဲ ကွက်လပ်ဖြည့်ပါ



______ က ______ ထက် ခဲဖျက် ______ တုံး ပိုရှည်တယ်

## ၄ အလျားတွေကို နှိုင်းယှဉ်ကြမယ်

(က) ဘယ်ခဲတံက အတိုဆုံးလဲ

(ခ) ဘယ်ခဲတံက အရှည်ဆုံးလဲ







၄ ရထားတွဲတွေရဲ့ အလျားကို နှိုင်းယှဉ်ပါ

(က) ဘယ်ရထားတွဲက အတိုဆုံးလဲ

(ခ) ဘယ်ရထားတွဲက အရှည်ဆုံးလဲ







၅ ပုံမှာပြထားတဲ့အတိုင်း အရောင်တူအတုံးတွေကို ဆင့်ရအောင် ဘယ်အရောင်အတုံးကို အမြင့်ဆုံးစီနိုင်သလဲ



# ၁၀ နှစ်ဆယ်အထိကိန်းများ

## ၁ ဘယ်လောက်ရှိသလဲ ရေတွက်ရအောင်

(က)




(ခ)



(က)






၁၀ နဲ့ ၄

၁၄

တစ်ဆယ့်လေး







(ခ)






၁၀ နဲ့ ၈

၁၈

တစ်ဆယ့်ရှစ်



## ၂ (က) အားလုံးဘယ်လောက်ရှိသလဲ ရေကြည့်ကြမယ်



၁၁

တစ်ဆယ့်တစ်



၁၂

တစ်ဆယ့်နှစ်



၁၃

တစ်ဆယ့်သုံး



၁၄

တစ်ဆယ့်လေး



၁၅

တစ်ဆယ့်ငါး

၁ ကွက်လပ်တွေမှာ ကိန်းတွေရေးပါ



## ၂ (၁) အားလုံးဘယ်လောက်ရှိသလဲ ရေကြည့်ကြမယ်




၁၆

တစ်ဆယ့်ခြောက်




၁၇

တစ်ဆယ့်ခုနစ်




၁၈

တစ်ဆယ့်ရှစ်





၁၉

တစ်ဆယ့်ကိုး







၂၀

နှစ်ဆယ်

၂ ကွက်လပ်တွေမှာ ကိန်းတွေရေးပါ



## လေ့ကျင့်ခန်း (၁)

၁။ အောက်ပါတို့ကို ရေတွက်၍ ကိန်းရေးပါ။

(က) 


အဖြေ______ချောင်း

(ခ) 

အဖြေ______ပွင့်

(ဂ) 

အဖြေ______ကောင်

(ဃ) 

အဖြေ______ကောင်

၂။ အောက်ပါတို့ကို ရေတွက်၍ ကိန်းရေးပါ။

(က)  ______

(ခ)  ______

(ဂ)  ______

(ဃ)  ______

၃။ ကွက်လပ်များတွင် ကိန်းများဖြည့်ပါ။

(က) တစ်ဆယ့်နှစ် ______ (ခ) တစ်ဆယ့်ခုနစ် ______

(ဂ) တစ်ဆယ့်ငါး ______ (ဃ) တစ်ဆယ့်ရှစ် ______

၄။ ကွက်လပ်များတွင် ကိန်းများဖြည့်ပါ။

(က) ၁၀ နှင့် ၅ သည် ____ ဖြစ်သည်။ (ခ) ၁၀ နှင့် ____ သည် ၁၂ ဖြစ်သည်။

(ဂ) ၁၇ သည် ၁၀နှင့် ____ ဖြစ်သည်။ (ဃ) ၁၀ နှင့် ၁၀ သည် ____ ဖြစ်သည်။

၅။ ကွက်လပ်များတွင် ကိန်းများဖြည့်ပါ။

(က)




(ခ)




(ဂ)




(ဃ)



## ၃ ဘယ်ကိန်းကကြီးသလဲ ဘယ်ကိန်းကငယ်သလဲ

(က) ၁၅

၁၁



______ က ______ ထက်ကြီးတယ်

(ခ) ၁၆

၁၉



______ က ______ ထက်ကြီးတယ်

(ဂ) ၁၄

၁၃



______ က ______ အောက်ငယ်တယ်

(ဃ) ၁၂

၁၇



______ က ______ အောက်ငယ်တယ် ______ က ______ ထက်ကြီးတယ်

၃ ကြီးတဲ့ကိန်းကို ဝိုင်းပါ

(က) ၁၃ နဲ့ ၁၆ (ခ) ၂၀ နဲ့ ၁၈

၄ ငယ်တဲ့ကိန်းကို ဝိုင်းပါ

(က) ၁၉ နဲ့ ၁၂ (ခ) ၁၀ နဲ့ ၁၁

## ၄ ဘယ်ကိန်းကအကြီးဆုံးနဲ့ ဘယ်ကိန်းကအငယ်ဆုံးဖြစ်သလဲ

(က)




အကြီးဆုံးကိန်းက______ဖြစ်တယ် အငယ်ဆုံးကိန်းက ______ဖြစ်တယ်

(ခ)




အကြီးဆုံးကိန်းက_____ဖြစ်တယ် အငယ်ဆုံးကိန်းက_____ဖြစ်တယ်

၅ ၁၅၊ ၁၉၊ ၁၀၊ ၁၃၊ ၁၈ ထဲက အကြီးဆုံးကိန်းနဲ့ အငယ်ဆုံးကိန်းကိုရှာပါ

## ဖိုးဝရုပ်ကို ဘယ်သူရမလဲ

ကတ်ပြား ၃ ခုရှိတယ်
[၁] ရရင် ရှေ့ကို ၁ လှမ်းတက်မယ်
[၂] ရရင် ရှေ့ကို ၂ လှမ်းတက်မယ်
[၃] ရရင် ရှေ့ကို ၃ လှမ်းတက်မယ်
တစ်ကြိမ်ပြီးတစ်ကြိမ် ရှေ့ဆက်လှမ်းတက်မယ်
၂၀ အရင်ရောက်သူက ဖိုးဝရုပ်ရမယ်







### ၅ ပုံကိုကြည့်ပြီး ကွက်လပ်မှာ ကိန်းတွေဖြည့်ကြမယ်

(က) ၆ ကနေ ၂ တိုးရင် ______ ရမယ်

(ခ) ၁၄ ကနေ ၃ လျော့ရင် ______ ရမယ်

(ဂ) ၁၅ ကနေ ၅ တိုးရင် ______ ရမယ်

### ၆ ဘယ်ကိန်းက ပိုကြီးသလဲ

(က) [၁၂] [၈]   (ခ) [၁၄] [၁၉]   (ဂ) [၂၀] [၁၅]

### ၇ ကိန်းတွေဖြည့်ပါ

(က) ၇ – ၈ – ◯ – ◯ – ၁၁

(ခ) ◯ – ၁၁ – ၁၂ – ◯ – ◯

(ဂ) ၁၄ – ◯ – ◯ – ၁၇ – ၁၈ – ◯ – ◯




**၈** ကွက်လပ်မှာ ကိန်းတွေဖြည့်ပါ

(က) ၁၇ ကနေ ၄ လျှော့ရင် ______ ရတယ်

(ခ) ၉ ကနေ ၅ တိုးရင် ______ ရတယ်

(ဂ) ၁၅ ကနေ ______ တိုးရင် ၁၈ ရတယ်

(ဃ) ______ ကနေ ၂ တိုးရင် ၁၉ ရတယ်

(င) ______ ကနေ ၇ လျှော့ရင် ၆ ရတယ်

**၉** ကိန်းတွေဖြည့်ပါ



## ၆ ကြီးတဲ့ကိန်းနဲ့ ငယ်တဲ့ကိန်းကို ရှာကြမယ်

(က) ဘယ်ကိန်းက ၁၆ ထက် ၁ ကြီးသလဲ

(ခ) ဘယ်ကိန်းက ၁၅ အောက် ၁ ငယ်သလဲ

(ဂ) ဘယ်ကိန်းက ၁၈ ထက် ၂ ကြီးသလဲ

(ဃ) ဘယ်ကိန်းက ၁၃ အောက် ၃ ငယ်သလဲ




၁၆ ထက် ၁ ကြီးတဲ့ကိန်းက ______ ဖြစ်တယ်

၁၅ အောက် ၁ ငယ်တဲ့ကိန်းက ______ ဖြစ်တယ်

၁၈ ထက် ၂ ကြီးတဲ့ကိန်းက ______ ဖြစ်တယ်

၁၃ အောက် ၃ ငယ်တဲ့ကိန်းက ______ ဖြစ်တယ်




**၁၀** ကွက်လပ်မှာ ၁ ကြီးတဲ့ကိန်းကိုရေးပါ

(က) ၁၄၊ ၁၅　　(ခ) ၁၉ ၊ ____　　(ဂ) ၁၅၊ ____

**၁၁** ကွက်လပ်မှာ ၁ ငယ်တဲ့ကိန်းကိုရေးပါ

(က) ၁၇ ၊ ၁၈　　(ခ) ____ ၊ ၁၄　　(ဂ) ____ ၊ ၁၃

**၁၂** ကွက်လပ်မှာ ကိန်းတွေဖြည့်ပါ

(က) ၁၂ ထက် ၃ ကြီးတဲ့ကိန်းက ______ ဖြစ်တယ်

(ခ) ၁၉ အောက် ၂ ငယ်တဲ့ကိန်းက ______ ဖြစ်တယ်

(ဂ) ၁၃ ထက် ၅ ကြီးတဲ့ကိန်းက ______ ဖြစ်တယ်

## ? နောက်လာမယ့်ကိန်းက ဘာကိန်းလဲ




(က) ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ________




(ခ) ၂၀၊ ၁၉၊ ၁၈၊ ၁၇၊ ________

## ၁၃ ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

(က) ၁၀၊ ၁၁၊ _____၊ _____၊ _____

(ခ) ၁၈၊ ၁၇၊ ၁၆၊ ၁၅၊ _____၊ _____

## ၁၄ ကိန်းတွေဖြည့်ပါ

(က)




(ခ)




(ဂ)




(ဃ)



## ၈ ကိန်းတွေကို ငယ်ရာကကြီးရာကိုစီကြမယ်

(က) ၂၀ ၁၇ ၁၄ ၁၁

၁၁ ၊ ၁၄ ၊ ___ ၊ ___ ၊

(ခ) ၁၂ ၁၆ ၁၀ ၁၉ ၁၃

___ ၊ ___ ၊ ___ ၊ ___ ၊ ___

(ဂ) ၁၃ ၁၈ ၁၅ ၁၆ ၁၁ ၁၂

___ ၊ ___ ၊ ___ ၊ ___ ၊ ___ ၊ ___

## ၉ ကိန်းတွေကို ကြီးရာကငယ်ရာကိုစီကြမယ်

(က) ၁၆ ၁၈ ၁၃ ၁၂

၁၈ ၊ ၁၆ ၊ ___ ၊ ___ ၊

(ခ) ၁၅ ၁၇ ၂၀ ၁၃ ၁၀

___ ၊ ___ ၊ ___ ၊ ___ ၊ ___

(ဂ) ၁၄ ၁၉ ၁၆ ၁၇ ၁၈ ၁၂

___ ၊ ___ ၊ ___ ၊ ___ ၊ ___ ၊ ___

## ၁၅ ကိန်းတွေကို ငယ်ရာကကြီးရာကိုစီပါ

(က) ၁၅၊ ၁၉၊ ၁၃၊ ၁၂၊ ၁၇ ___ ၊ ___ ၊ ___ ၊ ___ ၊ ___

(ခ) ၁၀၊ ၁၆၊ ၁၄၊ ၂၀၊ ၁၈ ___ ၊ ___ ၊ ___ ၊ ___ ၊ ___

## ၁၆ ကိန်းတွေကို ကြီးရာကငယ်ရာကိုစီပါ

(က) ၁၆၊ ၁၉၊ ၁၀၊ ၁၄၊ ၁၂ ___ ၊ ___ ၊ ___ ၊ ___ ၊ ___

(ခ) ၁၃၊ ၁၇၊ ၂၀၊ ၁၁၊ ၁၈ ___ ၊ ___ ၊ ___ ၊ ___ ၊ ___

## ၁၀ အုပ်စုဖွဲ့ပြီး ရေတွက်ကြမယ်

(က)  ______ လုံး







(ခ)  ______ လုံး

### ၁၇ ဘယ်လောက်ရှိသလဲ ဘယ်လိုရေတွက်မလဲ

(က)  ______ လုံး

(ခ)  လက်ချောင်း ______ ချောင်း

### ၁၈ ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

(က) ၂ ခုစီ တိုးပြီး ရေတွက်မယ်

၂၊___၊___၊___၊___၊___၊___၊___၊___၊___၊

(ခ) ၅ ခုစီ တိုးပြီး ရေတွက်မယ်

၅၊___၊___၊___

### ၁၉ ၂ ခုစီနဲ့ ၅ ခုစီတိုးပြီး ၂၀ အထိပြောပါ

## လေ့ကျင့်ခန်း (၂)

၁။ ကွက်လပ်တွင် အစဉ်လိုက်ကိန်းများဖြည့်ပါ။

(က) ၈၊ ၉၊___၊___၊ ၁၂၊___၊___

(ခ) ၁၄၊___၊___၊ ၁၇၊___၊___၊___

(ဂ) ၁၃၊ ၁၂၊___၊ ၁၀၊___၊___၊___

(ဃ) ___၊ ၁၈၊___၊ ၁၆၊ ၁၅၊___၊___

၂။ ကွက်လပ်တွင် အစဉ်လိုက်ကိန်းများဖြည့်ပါ။

(က) ၂ ခုစီတိုး၍ ရေတွက်ခြင်း

၂၊ ၄၊___၊___၊ ၁၀၊___၊___၊___၊ ၁၈၊ ၂၀

(ခ) ၃ ခုစီတိုး၍ ရေတွက်ခြင်း

၃၊ ၆၊___၊ ၁၂၊___၊ ၁၈

(ဂ) ၄ ခုစီ တိုး၍ ရေတွက်ခြင်း

၄၊ ၈၊___၊ ၁၆၊___

(ဃ) ၅ ခုစီတိုး၍ ရေတွက်ခြင်း

၅၊ ၁၀၊___၊___

၃။ ကွက်လပ်တွင် ကိန်းများဖြည့်ပါ။

(က) ၁၂ ထက် ၄ ကြီးသောကိန်းသည် ____ ဖြစ်သည်။

(ခ) ၁၈ အောက် ၃ ငယ်သောကိန်းသည် ____ ဖြစ်သည်။

(ဂ) ၂၀ သည် ၁၄ ထက် ____ ကြီးသည်။

(ဃ) ၉ သည် ၁၃ အောက် ____ ငယ်သည်။

(င) ၁၉ သည် ____ ထက် ၂ ကြီးသည်။

(စ) ၁၁ အောက် ၄ ငယ်သောကိန်းသည် ____ ဖြစ်သည်။

၄။ ၂၀ အောက်ငယ်ပြီး ၁၂ ထက်ကြီးသောကိန်းများကို ငယ်ရာမှ ကြီးရာသို့ စီပါ။

၅။ ၂၀ အောက်ငယ်ပြီး ၁၄ ထက်ကြီးသောကိန်းများကို ကြီးရာမှ ငယ်ရာသို့ စီပါ။

၆။ ပုံတွင်ပြထားသည့်အတိုင်း အောင်အောင်သည် လှေကားထစ် ၁၁ ထစ်တွင် ရပ်နေသည်။ မိုးမိုးက ၁၄ ထစ်တွင်ရပ်နေပြီး ခိုင်ခိုင်က ၁၈ ထစ်တွင် ရပ်နေကြသည်။




(က) အောင်အောင် ____ ထစ်တက်လိုက်လျှင် မိုးမိုးနှင့် တစ်ထစ်တည်းတွင် ရှိနေမည်။

(ခ) ခိုင်ခိုင် ____ ထစ်ဆင်းလိုက်လျှင် မိုးမိုးနှင့် တစ်ထစ်တည်းတွင် ရှိနေမည်။

# ၁၁ အပေါင်း သင်ခန်းစာ ၂

**၁ စုစုမှာသရက်သီး ၁၀ လုံးရှိပြီး ထွန်းထွန်းမှာသရက်သီး ၃ လုံး ရှိတယ် သရက်သီးအားလုံးပေါင်း ဘယ်လောက်ရှိသလဲ**




ဒီမေးခွန်းအတွက် ညီမျှခြင်း ရေးပါ

____ + ____ = ?

| ၁၀ + ၃ ကို ဘယ်လိုတွက်မလဲ |
|---|










ညီမျှခြင်း

၁၀ + ၃ = ______ အဖြေ ______ လုံး

၁ ၁၀ + ၅ ကို ဘယ်လိုတွက်မလဲ



၁၀ + ၅ = ______

၂ ပေါင်းပါ

(က) ၁၀ + ၂ (ခ) ၁၀ + ၇ (ဂ) ၁၀ + ၉ (ဃ) ၆ + ၁၀

## ၂ ရွှေငါး ၁၄ ကောင်ရှိတယ် ရွှေငါး ၂ ကောင် ပေါင်းထည့်ရင် ရွှေငါးအားလုံးဘယ်လောက်ရှိသလဲ









____ + ____ = ?

၁၄ + ၂ ကို ဘယ်လိုတွက်မလဲ




ညီမျှခြင်း

၁၄ + ၂ = ____     အဖြေ ______ကောင်

### ၃ ပေါင်းပါ

(က) ၁၂ + ၂     (ခ) ၁၅ + ၄     (ဂ) ၁၄ + ၃

(ဃ) ၅ + ၁၁     (င) ၁၃ + ၅     (စ) ၁ + ၁၄

## လေ့ကျင့်ခန်း (၁)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၀ + ၄ (ခ) ၁၀ + ၈ (ဂ) ၁ + ၁၀

(ဃ) ၁၀ + ၆ (င) ၉ + ၁၀ (စ) ၅ + ၁၀

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၃ + ၄ (ခ) ၁၁ + ၅ (ဂ) ၃ + ၁၆

(ဃ) ၁၂ + ၃ (င) ၂ + ၁၄ (စ) ၅ + ၁၂

၃။ ကျောင်းဝင်းထဲတွင် ကျောင်းသား ၈ ယောက် ကစားနေကြသည်။ နောက်ထပ် ကျောင်းသား ၁၀ ယောက် ဝင်ကစားကြသည်။ ကျောင်းဝင်းထဲတွင် ကစားနေသည့် ကျောင်းသားပေါင်း မည်မျှရှိသနည်း။

၄။ မြမြတွင် စာအုပ် ၁၂ အုပ်ရှိသည်။ နောက်ထပ် စာအုပ် ၃ အုပ် ထပ်ဝယ်လိုက်သော် စာအုပ်ပေါင်း မည်မျှရှိမည်နည်း။

၅။ ပူဖောင်းအပြာ ၁၀ လုံးနှင့် ပူဖောင်းအနီ ၆ လုံးရှိသည်။ ပူဖောင်းအားလုံး မည်မျှ ရှိသနည်း။

၆။ ကျောင်းကားထဲတွင် ယောကျ်ားလေး ၅ ယောက်နှင့် မိန်းကလေး ၁၄ ယောက် ရှိသည်။ ကျောင်းကားထဲတွင် စုစုပေါင်းကလေးမည်မျှရှိသနည်း။

### မှတ်မိသလား

၁၀ ဖြစ်စေမည့် ကိန်းတွဲ ၉ ခုကို ရေးပါ။

| | | |
|---|---|---|
| ၁ နှင့် ၉ | ◯ နှင့် ◯ | ◯ နှင့် ◯ |
| ◯ နှင့် ◯ | ◯ နှင့် ◯ | ◯ နှင့် ◯ |
| ◯ နှင့် ◯ | ◯ နှင့် ◯ | ◯ နှင့် ◯ |



## ၃ မြက်ခင်းပြင်ပေါ်မှာ လိပ်ခွံရောင်ခရု ၉ ကောင်နဲ့ အညိုရောင်ခရု ၃ ကောင်ရှိတယ် ခရုအားလုံးဘယ်လောက်ရှိသလဲ



ပုစ္ဆာအတွက် သင်္ချာညီမျှခြင်း ရေးပါ

____ + ____ = ?







၉ + ၃ ကို ဘယ်လိုတွက်ရမလဲ




ညီမျှခြင်း

၉ + ၃ = ______

အဖြေ ________ ကောင်

## ၉ + ၃ ကို ဘယ်လိုတွက်မလဲ။

(၁) ၁၀ ဖြစ်ဖို့ ၉ မှာ ၁ လိုတယ်။

(၂) ၃ ကို ၁ နဲ့ ၂ ခွဲမယ်။

(၃) ၉ နဲ့ ၁ ပေါင်းတော့ ၁၀ ရတယ်။

(၄) ၁၀ နဲ့ ၂ ဆိုတော့ ၁၂ ပေါ့။







၄ ၉ + ၅ ကို ဘယ်လိုတွက်မလဲ ရှင်းပြပါ



(၁) ၁၀ ဖြစ်ဖို့ ၉ မှာ ____ လိုတယ်

(၂) ၅ ကို ____ နဲ့ ____ ခွဲမယ်

(၃) ၉ နဲ့ ____ ပေါင်းပြီး ၁၀ ဖြစ်အောင်လုပ်မယ်

(၄) ၁၀ နဲ့ ____ က ____ ဖြစ်တယ်




## ၄ ၈ + ၅ ကို ဘယ်လိုတွက်မလဲ







၈ + ၅ = ____

**၅** ၈ + ၇ ကို ဘယ်လိုတွက်မလဲ ရှင်းပြပါ

၈ + ၇ = ☐

**၆** ပေါင်းပါ

(က) ၉ + ၄ = ☐

၁ ၃

(ခ) ၈ + ၃ = ☐

(ဂ) ၉ + ၆ = ☐

(ဃ) ၈ + ၆ = ☐

**၅ ၇ + ၄ ကိုတွက်ပါ**

၇ + ၄ = ☐



**၇** ပေါင်းပါ

(က) ၇ + ၅ = ☐

(ခ) ၆ + ၆ = ☐

**၈** ပေါင်းပါ

(က) ၇ + ၆ (ခ) ၆ + ၅ (ဂ) ၇ + ၇

## ၆ ပန်းပွင့်အားလုံး ဘယ်လောက်ရှိသလဲ ဘယ်လိုတွက်ရမလဲ









၄ + ၉ = ______          အဖြေ ______ ပွင့်

၈ ၄ + ၉ ကို  တွက်တဲ့အတိုင်း ရှင်းပြပါ

(၁) ၁၀ ဖြစ်ဖို့ ၉ မှာ______လိုတယ်

(၂) ၄ ကို______နဲ့ ______ခွဲမယ်

(၃) ၉ နဲ့______ပေါင်းပြီး ၁၀ ဖြစ်အောင် လုပ်မယ်

(၄) ၁၀ နဲ့______က ______ဖြစ်တယ်

**၉** ရှေ့ကိန်းကို ကိန်း ၂ လုံးခွဲပြီး ၃ + ၈ ကို ဘယ်လိုတွက်မလဲ ရှင်းပြပါ

(၁) ၁၀ ဖြစ်ဖို့ ၈ မှာ_____လိုတယ်

(၂) ၃ ကို_____နဲ့ _____ ခွဲမယ်

(၃) ၈ နဲ့_____ပေါင်းပြီး ၁၀ ဖြစ်အောင် လုပ်မယ်

(၄) ၁၀ နဲ့_____ က _____ဖြစ်တယ်

၃ + ၈ = ☐

**၁၀** ပေါင်းပါ

(က) ၂ + ၉ = ☐ (၁) (၁)

(ခ) ၅ + ၇ = ☐

(ဂ) ၇ + ၉ = ☐

(ဃ) ၅ + ၈ = ☐

**၁၁** ပေါင်းပါ

(က) ၄ + ၇　　(ခ) ၆ + ၉　　(ဂ) ၄ + ၈　　(ဃ) ၆ + ၈

(ဃ) ၃ + ၉　　(င) ၇ + ၈　　(စ) ၅ + ၉　　(ဆ) ၆ + ၇



## လေ့ကျင့်ခန်း (၂)

၁။ ၁၀ အုပ်စု ပြုလုပ်ပြီး အောက်ပါတို့ကို ပေါင်းပါ။

(က) ၈ + ၄ = ☐

(ခ) ၉ + ၆ = ☐

(ဂ) ၄ + ၇ = ☐

(ဃ) ၆ + ၆ = ☐

၂။ အောက်ပါတို့ကို ပေါင်းပါ။

| | | | |
|---|---|---|---|
| (က) ၉ + ၈ | (ခ) ၅ + ၆ | (ဂ) ၄ + ၉ | (ဃ) ၇ + ၅ |
| (င) ၈ + ၈ | (စ) ၆ + ၇ | (ဆ) ၉ + ၉ | (ဇ) ၉ + ၂ |
| (ဈ) ၈ + ၆ | (ည) ၇ + ၉ | (ဋ) ၃ + ၉ | (ဌ) ၇ + ၇ |
| (ဍ) ၅ + ၈ | (ဎ) ၇ + ၄ | (ဏ) ၉ + ၅ | (တ) ၈ + ၇ |

၃။ ပုံထဲရှိ ပွင့်ချပ်ထဲမှ ကိန်းအသီးသီးကို အလယ်ကကိန်းနှင့် ပေါင်းပါ။

(က)




(ခ)



## အပေါင်းကတ်ပြားတွေ ပြုလုပ်ပြီး စီကြမယ်




ကတ်ပြား

| | |
|---|---|
| ၈ + ၃ | ရှေ့ဘက် |
| ၁၁ | နောက်ဘက် |

(က) ပုံထဲကအတိုင်း အပေါင်းကတ်ပြားတွေ ပြုလုပ်ပါ

(ခ) ရုပ်ပုံအတိုင်း အပေါင်းတစ်ခုစီကို ဖြေရှင်းဖို့ လေ့ကျင့်ပါ

(ဂ) အပေါင်းကတ်ပြားတွေကို ပြထားတဲ့အတိုင်း သင်ပုန်းပေါ်မှာ စီပါ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉ + ၂ | ၈ + ၃ | ၇ + ၄ | ၆ + ၅ | ၅ + ၆ | ၄ + ၇ | ၃ + ၈ | ၂ + ၉ |
| ၉ + ၃ | ၈ + ၄ | ၇ + ၅ | ၆ + ၆ | ၅ + ၇ | ၄ + ၈ | ၃ + ၉ | |
| ၉ + ၄ | ၈ + ၅ | ၇ + ၆ | ၆ + ၇ | ၅ + ၈ | ၄ + ၉ | | |
| ၉ + ၅ | ၈ + ၆ | ၇ + ၇ | ၆ + ၈ | ၅ + ၉ | | | |
| ၉ + ၆ | ၈ + ၇ | ၇ + ၈ | ၆ + ၉ | | | | |
| ၉ + ၇ | ၈ + ၈ | ၇ + ၉ | | | | | |
| ၉ + ၈ | ၈ + ၉ | | | | | | |
| ၉ + ၉ | | | | | | | |




(ဃ) ဒေါင်လိုက်ကတ်ပြားတွေကိုကြည့်ရင် ဘာတွေတွေ့ရသလဲ

(င) အလျားလိုက်ကတ်ပြားတွေကိုကြည့်ရင် ဘာတွေတွေ့ရသလဲ

(စ) တခြားဘာတွေ ထပ်တွေ့ရသလဲ

## လေ့ကျင့်ခန်း (၃)

၁။ ထွန်းထွန်းတွင် မူလက သကြားလုံး ၇ လုံးရှိသည်။ သကြားလုံး ၉ လုံးထပ်ရသော် သူ၌ သကြားလုံးမည်မျှရှိသနည်း။

၂။ ရေကန်ထဲတွင် ဖား ၈ ကောင်နှင့် ကုန်းပေါ်တွင် ဖား ၆ ကောင်ရှိသည်။ ဖားအားလုံး မည်မျှရှိသနည်း။

၃။ ဇော်ဇော်တွင် မူလက စာအုပ် ၉ အုပ်ရှိသည်။ သူ့ဖခင်က နောက်ထပ်စာအုပ် ၂ အုပ်ပေးလိုက်သော် ဇော်ဇော်တွင် စာအုပ်မည်မျှရှိသွားသနည်း။

၄။ ကျောင်းဥယျာဉ်ထဲတွင် ပန်းအဖြူ ၆ ပွင့်နှင့် ပန်းအနီ ၇ ပွင့်ရှိသည်။ ပန်းအားလုံး မည်မျှရှိသနည်း။

၅။ ဇင်ဇင်တွင် သရက်သီးအစိမ်း ၈ လုံးနှင့် သရက်သီးအဝါ ၉ လုံးရှိသည်။ သူ့တွင် သရက်သီးအားလုံး မည်မျှရှိသနည်း။

၆။ အောက်ပါပုံဖြင့် ၅ + ၇ အတွက် သင်္ချာမေးခွန်း ပြုလုပ်ပါ။



၇။ ၈ + ၃ အတွက် သင်္ချာမေးခွန်း ပြုလုပ်ပါ။

၈။ အဖြေတူ ကတ်ပြားများကို မျဉ်းဖြင့် ဆက်ပါ။

| | | | |
|---|---|---|---|
| ၅ + ၉ | ၉ + ၉ | ၄ + ၇ | ၇ + ၅ |
| ၈ + ၃ | ၆ + ၆ | ၃ + ၁၁ | ၁၀ + ၈ |

# ၁၂ အနုတ် သင်ခန်းစာ ၂

၁ (က) **ပန်းခြံထဲမှာပန်း ၁၇ ပွင့်ရှိတယ် ပန်း ၄ ပွင့်ကို ခူးလိုက်ရင် ပန်းဘယ်နှပွင့်ကျန်မလဲ**



___ - ___ = ?







ညီမျှခြင်း

၁၇ − ၄ = ___        အဖြေ ___ ပွင့်






၁ တွက်ပါ

(က) ၁၅ − ၂    (ခ) ၁၈ − ၆    (ဂ) ၁၄ − ၃

(ဃ) ၁၆ − ၁    (င) ၁၇ − ၅    (စ) ၁၉ − ၇

**၁ (ခ) ငှက်ပျောသီး ၁၂ လုံးရှိတယ် ငှက်ပျောသီး ၂ လုံးကို မင်းမင်းနဲ့သီတာတို့ စားလိုက်တယ် ငှက်ပျောသီး ဘယ်နှလုံးကျန်သလဲ**



၁၂ − ၂ = ______          အဖြေ ______ လုံး







**၂** တွက်ပါ

(က) ၁၆ − ၆          (ခ) ၁၃ − ၃          (ဂ) ၁၉ − ၉

**၁ (ဂ) စာသင်ခန်းထဲမှာ ကျောင်းသား ၁၆ ယောက်ရှိပြီး ၁၀ ယောက် ထွက်သွားတယ် ကျောင်းသားဘယ်နှယောက်ကျန်သလဲ**

၁၆ − ၁၀ = ______







**၃** တွက်ပါ

(က) ၁၄ − ၁၀          (ခ) ၁၁ − ၁၀          (ဂ) ၁၇ − ၁၀

## လေ့ကျင့်ခန်း (၁)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၃ – ၂  (ခ) ၁၄ – ၁  (ဂ) ၁၇ – ၁
(ဃ) ၁၅ – ၃  (င) ၁၉ – ၈  (စ) ၁၉ – ၅
(ဆ) ၁၉ – ၄  (ဇ) ၁၈ – ၂  (ဈ) ၁၄ – ၂

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၁ – ၁  (ခ) ၁၈ – ၈  (ဂ) ၁၄ – ၄
(ဃ) ၁၂ – ၂  (င) ၁၇ – ၇  (စ) ၁၅ – ၅

၃။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၅ – ၁၀  (ခ) ၁၂ – ၁၀  (ဂ) ၁၃ – ၁၀
(ဃ) ၁၈ – ၁၀  (င) ၁၉ – ၁၀  (စ) ၁၆ – ၁၀

၄။ သူရတွင် သကြားလုံး ၁၈ လုံးရှိသည်။ သူ၏ အစ်ကိုကို သကြားလုံး ၈ လုံး ပေးလိုက်သော် သူရတွင် သကြားလုံး မည်မျှကျန်မည်နည်း။

၅။ စာကြည့်တိုက်ထဲတွင် ကျောင်းသား ၁၉ ယောက်ရှိသည်။ ၇ ယောက် စာသင်ခန်းသို့ ပြန်သွားသော် စာကြည့်တိုက်ထဲ၌ ကျောင်းသား မည်မျှကျန်သနည်း။

၆။ ဆရာတွင် နံနက်ပိုင်း၌ မြေဖြူခဲ ၁၄ ချောင်းရှိရာ မွန်းလွဲပိုင်းတွင် မြေဖြူခဲ ၁၀ ချောင်းသာ ကျန်ရှိသည်ကို တွေ့ရသည်။ ဆရာသည် မြေဖြူခဲ မည်မျှသုံးလိုက်သနည်း။

၇။ ဆရာမတွင် စာရွက် ၁၆ ရွက်ရှိရာ ကျောင်းသားများကို စာရွက် ၅ ရွက် ပေးလိုက်သော် ဆရာမတွင် စာရွက် မည်မျှကျန်ရှိသနည်း။

၈။ ကလေး ၁၅ ယောက်ရှိရာ ၁၀ ယောက်မှာ မိန်းကလေးဖြစ်သော် ယောကျ်ားလေး မည်မျှရှိမည်နည်း။

၉။ စိုးစိုးတွင် ခဲတံ ၇ ချောင်းရှိပြီး ဇာဇာတွင် ခဲတံ ၁၇ ချောင်းရှိသည်။ မည်သူ့တွင် ခဲတံ မည်မျှပိုများသနည်း။

**၂ ဆိုင်တစ်ဆိုင်မှာ မနက်က ကားအရုပ် ၁၃ ခုရှိတယ် နေ့ခင်းမှာ ဝယ်သူက ကားအရုပ် ၉ ခု ဝယ်သွားတယ် ကားအရုပ် ဘယ်လောက်ကျန်သလဲ**



____ - ____ = ?

ဘယ်လိုတွက်မလဲ စဉ်းစားရအောင်




၁၃ − ၉ = ________　　　　　　အဖြေ ______ ခု

## ၁၃ − ၉ ကို ဘယ်လိုတွက်မလဲ။




(၁) ၁၃ ရှိ ၃ ကနေ ၉ ကို မနုတ်နိုင်ပါ။

(၂) ၁၃ ကို ၁၀ နဲ့ ၃ အဖြစ် ခွဲမယ်။

(၃) ၉ ကို ၁၀ က နုတ်ရင် ၁ ရတယ်။

(၄) ၁ နဲ့ ၃ ကို အတူတူထားရင် ၄ ရတယ်။

**၄** ၁၄ ကနေ ၈ ကို ဘယ်လိုနုတ်မလဲ ရှင်းပြပါ

၁။ ၁၄ ရှိ ______ က ______ ကို မနုတ်နိုင်ပါ



၂။ ဒါကြောင့် ၁၄ ကို ______ နဲ့ ______ ဖြစ်အောင် အရင်ခွဲမယ်

၃။ ၈ ကို ______ က နုတ်ရင် ______ ရတယ်




၄။ နောက်ဆုံး ______ နဲ့ ______ ကို အတူတူထားရင် ______ ရတယ်

**၃ ရှေ့ကိန်းကို ၁၀ နဲ့ တခြားကိန်းတစ်ခုနဲ့ခွဲပြီး အနုတ်ကို တွက်ပါ**

(က) ၁၂ − ၉ = ______




(ခ) ၁၄ − ၇ = ______



(ဂ) ၁၅ − ၈ = ______



(ဃ) ၁၃ − ၆ = ______



**၅** တွက်ပါ

(က) ၁၅ − ၉ (ခ) ၁၆ − ၇ (ဂ) ၁၂ − ၈

## ၄ ၁၃ − ၄ ကိုတွက်တဲ့ နည်းလမ်းတွေကိုစဉ်းစားပြီး ပြောပါ

၁၃ ရှိ ၁၀ ကနေ ၄ ကို နုတ်ပါ





၁၃ က ၁၀ နဲ့ ၃
၄ ကို ၁၀ ကနေ နုတ်မယ်




၁၃ − ၄ = ______

၁၃ ရှိ ၁၀ ကနေ ၁ ကို နုတ်မယ်

၁၃ ရှိ ၃ ကနေ ၃ ကို နုတ်မယ်





၄ က ၃ နဲ့ ၁ ဖြစ်တယ်
၁၃ ကနေ ၃ ကို နုတ်ပြီး
၁ ထပ်နုတ်မယ်




၁၃ − ၃ = ______

၁၀ − ၁ = ______

၁၃ − ၄ = ______

## ၆  ရဲ့ ၁၃ − ၄ တွက်နည်းကို ရှင်းပြပါ

၁။ ၁၃ ရှိ ______ ကနေ ______ ကို မနုတ်နိုင်ပါ

၂။ ၄ ကို ______ နဲ့ ______ ခွဲမယ်

၃။ ၁၃ ကနေ ______ ကိုနုတ်ရင် ၁၀ ရတယ်

၄။ ၁၀ ကနေ ______ နုတ်ရင် ______ ရတယ်

တွက်ပါ

(က) ၁၄ – ၅ (ခ) ၁၃ – ၆ (ဂ) ၁၇ – ၉

(ဃ) ၁၁ – ၆ (င) ၁၅ – ၆ (စ) ၁၃ – ၇

(ဆ) ၁၂ – ၅ (ဇ) ၁၆ – ၈ (ဈ) ၁၈ – ၉

**၅ စာသင်ခန်းထဲမှာ ကလေး ၁၅ ယောက်ရှိတယ် ၆ ယောက်က မိန်းကလေးတွေဖြစ်ပြီး ကျန်တာက ယောကျ်ားလေးတွေဖြစ်တယ် ယောကျ်ားလေးနဲ့ မိန်းကလေး ဘယ်သူကပိုများသလဲ ဘယ်လောက်ပိုများသလဲ**




မိန်းကလေး ၆ ယောက် ရှိတယ်

ယောကျ်ားလေး အရေအတွက်က ၁၅ – ၆ = ______ ဖြစ်တယ်

ဒါကြောင့် __________ က ပိုများတယ်

ကွာခြားချက်က______ –______ =______ ဖြစ်တယ်

ဒါကြောင့် ______က ______ထက် ______ယောက် ပိုများတယ်






၈ အဖေကခဲတံ ၁၄ ချောင်းကို သားနဲ့သမီးကိုခွဲပေးတယ် သမီးကခဲတံ ၉ ချောင်း ရတယ် ဘယ်သူက ခဲတံဘယ်နှချောင်းပိုရသလဲ




သမီးကို ခဲတံ ၉ ချောင်းပေးတယ်

သားအတွက် ခဲတံအရေအတွက်က_______________ဖြစ်တယ်

ကွာခြားချက်က _____ - _____ = _____ ဖြစ်တယ်

ဒါကြောင့် _____က _____ထက် _____ချောင်း ပိုရတယ်

၉ အောင်အောင်နဲ့သီတာတို့ ပုံဆွဲဖို့ စာရွက်အလွတ် ၁၂ ရွက်ကို ဝေယူရာ အောင်အောင်က ၅ ရွက်ရတယ် ဘယ်သူက ဘယ်လောက်ပိုရသလဲ ပုံကို ပြီးအောင်ဆွဲပြီး အဖြေရှာပါ



အရင်ပုစ္ဆာတွေလို
ညီမျှခြင်းကို ရေးပါ

၁၀ စာသင်ခန်းထဲမှာ ကလေး ၁၇ ယောက်ရှိတယ် ၉ ယောက်က ယောကျ်ားလေး များဖြစ်ပြီး ကျန်သူတွေက မိန်းကလေးတွေဖြစ်ကြတယ် ဘယ်သူက ဘယ်လောက် ပိုများသလဲ ပုံဆွဲပြီး အဖြေရှာပါ

## ၆ ၁၆ − ၇ အတွက် မေးခွန်းပြုလုပ်မယ်









၁၁ ၁၄ − ၉ အတွက် မေးခွန်းတစ်ခုပြုလုပ်ပါ အနုတ်ပုစ္ဆာမျိုးစုံ ကြိုးစားပြီး ပြုလုပ်ပါ

၁၂ ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပြီး မေးခွန်းတွေပြုလုပ်ပါ ပုစ္ဆာတွေကို တွက်ပါ

(က) ကုလားထိုင်______လုံးနဲ့ စားပွဲ______လုံးရှိတယ် ဘယ်ဟာက ဘယ်လောက်ပိုများသလဲ

(ခ) ကလေး______ယောက်ရှိပြီး______ယောက်မှာ ယောကျ်ားလေးတွေ ဖြစ်ကြတယ် မိန်းကလေးဘယ်လောက်ရှိသလဲ

## အနုတ်ကတ်ပြားတွေ ပြုလုပ်ပြီးစီကြမယ်




**အနုတ်ကတ်ပြား**

| ၁၄ – ၈ | ရှေ့ဘက် |
|---|---|
| ၆ | နောက်ဘက် |

(က) ပုံထဲကအတိုင်း အနုတ်ကတ်ပြားတွေ ပြုလုပ်ပါ

(ခ) ရုပ်ပုံအတိုင်း အနုတ်တစ်ခုစီကို ဖြေရှင်းဖို့လေ့ကျင့်ပါ

(ဂ) အနုတ်ကတ်ပြားတွေကို ပြထားတဲ့အတိုင်း သင်ပုန်းပေါ်မှာ စီပါ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၁ – ၂ | ၁၂ – ၃ | ၁၃ – ၄ | ၁၄ – ၅ | ၁၅ – ၆ | ၁၆ – ၇ | ၁၇ – ၈ | ၁၈ – ၉ |
| ၁၁ – ၃ | ၁၂ – ၄ | ၁၃ – ၅ | ၁၄ – ၆ | ၁၅ – ၇ | ၁၆ – ၈ | ၁၇ – ၉ | |
| ၁၁ – ၄ | ၁၂ – ၅ | ၁၃ – ၆ | ၁၄ – ၇ | ၁၅ – ၈ | ၁၆ – ၉ | | |
| ၁၁ – ၅ | ၁၂ – ၆ | ၁၃ – ၇ | ၁၄ – ၈ | ၁၅ – ၉ | | | |
| ၁၁ – ၆ | ၁၂ – ၇ | ၁၃ – ၈ | ၁၄ – ၉ | | | | |
| ၁၁ – ၇ | ၁၂ – ၈ | ၁၃ – ၉ | | | | | |
| ၁၁ – ၈ | ၁၂ – ၉ | | | | | | |
| ၁၁ – ၉ | | | | | | | |




(ဃ) ဒေါင်လိုက်ကတ်ပြားတွေကိုကြည့်ရင် ဘာတွေတွေ့ရသလဲ

(င) အလျားလိုက်ကတ်ပြားတွေကိုကြည့်ရင် ဘာတွေတွေ့ရသလဲ

(စ) တခြားဘာတွေကို ထပ်တွေ့ရသလဲ

## လေ့ကျင့်ခန်း (၂)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၈ – ၉ (ခ) ၁၆ – ၉ (ဂ) ၁၁ – ၉
(ဃ) ၁၅ – ၉ (င) ၁၇ – ၉ (စ) ၁၄ – ၉

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၂ – ၈ (ခ) ၁၆ – ၈ (ဂ) ၁၇ – ၈
(ဃ) ၁၁ – ၈ (င) ၁၃ – ၈ (စ) ၁၅ – ၇
(ဆ) ၁၃ – ၇ (ဇ) ၁၂ – ၇ (ဈ) ၁၁ – ၇

၃။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၂ – ၄ (ခ) ၁၄ – ၅ (ဂ) ၁၁ – ၄
(ဃ) ၁၅ – ၆ (င) ၁၁ – ၃ (စ) ၁၆ – ၇
(ဆ) ၁၄ – ၆ (ဇ) ၁၃ – ၆ (ဈ) ၁၂ – ၈

၄။ သန္တာတွင် ဆီးသီး ၁၂ လုံးရှိရာ ၃ လုံး စားလိုက်သည်။ သူ့မှာ ဆီးသီးမည်မျှ ကျန်သနည်း။

၅။ ဈေးဆိုင်တစ်ဆိုင်၌ သံပုရာသီး ၁၆ လုံးရှိရာ ၉ လုံးရောင်းလိုက်သည်။ သံပုရာသီး မည်မျှကျန်သနည်း။

၆။ မောင်လှတွင် စာရွက် ၁၅ ရွက်ရှိရာ ယခုစာရွက် ၇ ရွက်သာ ကျန်တော့သည်။ မောင်လှသည် စာရွက်မည်မျှ အသုံးပြုခဲ့သနည်း။

၇။ ကလေး ၁၈ ယောက်ရှိသည့်အနက် ၉ ယောက်မှာ ယောကျ်ားလေးဖြစ်သည်။ မိန်းကလေး မည်မျှရှိသနည်း။

၈။ စာသင်ခန်းထဲတွင် ကျောင်းသားကျောင်းသူ ၁၄ ယောက်ရှိသည့်အနက် ၈ ယောက်မှာ ကျောင်းသားများဖြစ်ကြသည်။ ကျောင်းသားသည် ကျောင်းသူထက် မည်မျှပိုများသနည်း။

၉။ မောင်ဦးတွင် ခဲတံ ၇ ချောင်းရှိပြီး မသဇင်တွင် ခဲတံ ၁၂ ချောင်း ရှိသည်။ မည်သူ့မှာ ခဲတံ မည်မျှပိုရှိသနည်း။

# ၁၃ ဘယ်အချိန်မှာဘာလုပ်သလဲ

## ၁ ဘယ်အချိန်မှာဘာလုပ်သလဲ

နာရီလက်တံ အတိုက ၆ ရောက် ပြီး လက်တံအရှည် က ၁၂ ရောက်ရင် “၆ နာရီ” လို့ ဖတ်ရတယ်












___၆___ နာရီ | ______ နာရီ | ______ နာရီ

## ၂ ၇ နာရီခွဲဆိုတာ ဘာလဲ



နာရီလက်တံ အရှည်က ၁၂ကနေ ၆ ရောက်ပြီး လက်တံ အတိုက ၇ က ၈ ဘက်ကို ရွေ့သွားတယ်

နာရီလက်တံအရှည်က တစ်ပတ် လည်ပြီး လက်တံအတိုက ၈ ပေါ် ရောက်သွားတယ်






**၇ နာရီ** | **၇ နာရီခွဲ** | **၈ နာရီ**

နာရီလက်တံအတိုက ၇ နဲ့ ၈ ကြား နာရီလက်တံ အရှည်က ၆ ကို ရောက်ရင် “၇ နာရီခွဲ”လို့ ဖတ်ရတယ်

၇ နာရီ ပြီးတော့ နောက် တစ်နာရီကြာရင် ၈ နာရီ ဖြစ်တယ်

















၁ နာရီမှာပြတဲ့ အချိန်ကို ရေးပါ

(က)



၂ နာရီခွဲ

(ခ)



(ဂ)



(ဃ)



## လေ့ကျင့်ခန်း

၁။ နာရီတွင်ပြသော အချိန်ကို ရေးပါ။

(က) (ခ) (ဂ) (ဃ)



၂။ နာရီလက်တံအရှည်ဆွဲပါ။

(က) ၃ နာရီ (ခ) ၉ နာရီခွဲ



၃။ နာရီအသီးသီးတွင် ၁ နာရီကြာပြီးနောက် ပြမည့်အချိန်ကို ရေးပါ။

(က) (ခ) (ဂ) (ဃ)



၄။ နာရီအသီးသီးတွင် လွန်ခဲ့သော ၁ နာရီက ပြသည့်အချိန်ကို ရေးပါ။

(က) (ခ) (ဂ) (ဃ)



၅။ နာရီများတွင် နာရီလက်တံအရှည်နှင့် လက်တံအတိုရေးဆွဲပြီး မည်သည့်အချိန်တွင် မည်သည်ကို လုပ်သနည်း။ ကိုယ်ပိုင်ပုံပြင်ပြောပါ။



# ၁၄ ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၂

## ၁ ကားပေါ်မှာ ကြောင်အားလုံးဘယ်လောက်ရှိသလဲ



ကြောင် ၅ ကောင် ရှိတယ် ➡ ကြောင် ၄ ကောင် ထပ်ရောက်တယ် ➡ နောက်ထပ် ကြောင် ၃ ကောင်ရောက်တယ်



ညီမျှခြင်း ______________________ အဖြေ ________ ကောင်

### ၁ တွက်ပါ

(က) ၁၀ + ၃ + ၂　　(ခ) ၁၁ + ၁ + ၆　　(ဂ) ၈ + ၂ + ၄
(ဃ) ၃ + ၃ + ၆　　(င) ၇ + ၁ + ၉　　(စ) ၂ + ၆ + ၅
(ဆ) ၈ + ၃ + ၇　　(ဇ) ၄ + ၉ + ၆　　(ဈ) ၇ + ၅ + ၄

### ၂ တွက်ပါ

(က) ၁၅ − ၁ − ၄　　(ခ) ၁၈ − ၂ − ၅　　(ဂ) ၁၄ − ၄ − ၃
(ဃ) ၁၅ − ၁၀ − ၂　　(င) ၁၉ − ၆ − ၅　　(စ) ၁၈ − ၄ − ၉
(ဆ) ၁၁ − ၃ − ၆　　(ဇ) ၁၆ − ၉ − ၄　　(ဈ) ၁၇ − ၈ − ၉

### ၃ တွက်ပါ

(က) ၁၆ − ၆ + ၄　　(ခ) ၁၃ − ၂ + ၅　　(ဂ) ၁၉ − ၇ + ၃
(ဃ) ၁၂ − ၁၀ + ၆　　(င) ၁၄ − ၉ + ၅　　(စ) ၁၅ − ၈ + ၂
(ဆ) ၁၁ − ၄ + ၈　　(ဇ) ၁၇ − ၉ + ၇　　(ဈ) ၁၄ − ၆ + ၆

၄ တွက်ပါ

(က) ၁၀ + ၅ − ၃　(ခ) ၁၂ + ၄ − ၂　(ဂ) ၆ + ၁၃ − ၅
(ဃ) ၁၂ + ၄ − ၆　(င) ၃ + ၁၅ − ၉　(စ) ၈ + ၅ − ၁
(ဆ) ၇ + ၉ − ၁၀　(ဇ) ၈ + ၄ − ၇　(ဈ) ၆ + ၇ − ၉

**လေ့ကျင့်ခန်း**

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၅ + ၅ + ၇　(ခ) ၁၇ − ၄ + ၂　(ဂ) ၁၂ − ၅ − ၄　(ဃ) ၁၀ + ၇ − ၄
(င) ၃ + ၉ − ၈　(စ) ၁၂ − ၇ + ၇　(ဆ) ၁၃ + ၂ + ၄　(ဇ) ၁၆ − ၄ − ၂
(ဈ) ၃ + ၆ + ၈　(ည) ၁၇ − ၆ − ၃　(ဋ) ၃ + ၁၆ − ၅　(ဌ) ၁၃ − ၇ + ၃
(ဍ) ၁၃ − ၃ − ၆　(ဎ) ၁၅ − ၈ + ၉　(ဏ) ၉ + ၃ + ၅　(တ) ၈ + ၆ − ၂

၂။ ပူဖောင်း အပြာ ၁၁ လုံး၊ အနီ ၁ လုံးနှင့် အဝါ ၄ လုံးရှိသည်။ ပူဖောင်းအားလုံး မည်မျှ ရှိသနည်း။

၃။ ထွန်းထွန်းမှာ သကြားလုံး ၁၈ လုံး ရှိသည်။ ညီမလေးကို သကြားလုံး ၆ လုံးနှင့် ညီလေးကို သကြားလုံး ၈ လုံးပေးလိုက်သည်။ သူ့မှာ သကြားလုံး မည်မျှကျန်ရှိသနည်း။

၄။ ကားရပ်နားကွင်းမှာ ကား ၁၀ စီး ရှိသည်။ ကွင်းမှ ကား ၃ စီး ထွက်သွားသည်။ ထို့နောက် ကား ၉ စီး ထပ်ရောက်လာသည်။ နောက်ဆုံး ကားရပ်နားကွင်း၌ ကား မည်မျှရှိသနည်း။

၅။ သင်းသင်းမှာ လိမ္မော်သီး ၆ လုံး ရှိသည်။ အမေက လိမ္မော်သီး ၉ လုံး ပေးသည်။ ထို့နောက် သူသည် လိမ္မော်သီး ၄ လုံး စားလိုက်သည်။ နောက်ဆုံး သူ့မှာ လိမ္မော်သီး မည်မျှရှိသနည်း။

၆။ ကျော်ကျော်သည် ယောကျ်ားလေး ၁၁ ယောက်ပါသော ဘောလုံးအသင်း ဖွဲ့လိုသည်။ ယောကျ်ားလေး ၅ ယောက်ရှိသည်။ နောက် ယောကျ်ားလေး ၃ ယောက် ထပ်ရောက်လာသည်။ နောက်ထပ် ယောကျ်ားလေး မည်မျှလိုသေးသနည်း။

ကွက်လပ်များတွင် ကိန်းများဖြည့်ပါ။

(က) ______ + ၁ − ______ = ၇　(ခ) ______ − ၉ − ______ = ၇

# ၁၅ နေရာအဆင့်ပြကိန်းများ

တည်နေရာကို နေရာအဆင့်ပြကိန်းတွေ သုံးပြီး ပြောလို့ရတယ်

| ရေတွက်ကိန်း | တစ် | နှစ် | သုံး | လေး | ငါး |
|---|---|---|---|---|---|
| အကြိမ်မြောက် | ၁ ကြိမ် | ၂ ကြိမ် | ၃ ကြိမ် | ၄ ကြိမ် | ၅ ကြိမ် |
| နေရာအဆင့်ပြကိန်း | ပထမ | ဒုတိယ | တတိယ | စတုတ္ထ | ပဉ္စမ |

စားပွဲပေါ်မှာ သစ်သီး ငါးလုံး တင်ထားတယ်




## ၁ သစ်သီးတွေကို ဘယ်လိုနေရာချထားသလဲ



ပန်းသီးက ဘယ်ဘက်က ရေတွက်ရင် ဒုတိယနေရာမှာ ရှိတယ်

ပန်းသီးက ညာဘက်က ရေတွက်ရင် စတုတ္ထနေရာမှာ ရှိတယ်



၁ သစ်သီးတွေရဲ့ တည်နေရာကို နေရာအဆင့်ပြကိန်းနဲ့ ပြောပါ

(က) ငှက်ပျောသီးက ညာဘက်ကရေတွက်ရင် _____ နေရာနဲ့ ဘယ်ဘက်က ရေတွက်ရင် _____ နေရာမှာ ရှိတယ်

(ခ) စပျစ်သီးက ညာဘက်ကရေတွက်ရင် _____ နေရာနဲ့ ဘယ်ဘက်ကရေတွက်ရင် _____ နေရာမှာရှိတယ်

တခြားသစ်သီးတွေရဲ့နေရာကို ပြောကြမယ်



**၂** ပုံထဲမှာ တိရစ္ဆာန် ၅ ကောင် ရှိတယ်

(က) ညာဘက်ကရေတွက်ရင် ဒုတိယနေရာမှာရှိတဲ့ တိရစ္ဆာန်ကို ဝိုင်းပါ

(ခ) ဘယ်ဘက်ကရေတွက်ရင် ပထမနေရာမှာရှိတဲ့ တိရစ္ဆာန်ကို ဝိုင်းပါ

(ဂ) ကြောင်ရဲ့ နေရာကို နည်း ၂ နည်းနဲ့ ပြောပါ




**၃** ကား ၅ စီး တန်းစီ ထားတယ်

(က) ရှေ့ဘက်ကရေတွက်ရင် တတိယနေရာမှာရှိတဲ့ ကားကို ဝိုင်းပါ

(ခ) နောက်ဘက်ကရေတွက်ရင် ပဥ္စမနေရာမှာရှိတဲ့ ကားကို ဝိုင်းပါ

(ဂ) လိမ္မော်ရောင်ကားရဲ့ နေရာကို နည်း ၂ နည်းနဲ့ ပြောပါ




**၄** ကွက်လပ်တွေမှာရှိရမယ့် အကြိမ်မြောက်ကိန်းတွေကို ရေးပါ

| | | | | |
|---|---|---|---|---|
| **၁ ကြိမ်မြောက်** | ၁ ကြိမ်မြောက် | ______ | ______ | ______ |
| **၂ ကြိမ်မြောက်** | ၂ ကြိမ်မြောက် | ______ | ______ | ______ |
| **၃ ကြိမ်မြောက်** | ၃ ကြိမ်မြောက် | ______ | ______ | ______ |
| **၄ ကြိမ်မြောက်** | ၄ ကြိမ်မြောက် | ______ | ______ | ______ |
| **၅ ကြိမ်မြောက်** | ၅ ကြိမ်မြောက် | ______ | ______ | ______ |

## ၂ ကလေး ၅ ယောက် တန်းစီ ထိုင်နေကြတယ်




(က) ဘယ်ဘက်က လူ ၄ ယောက်ကို ဝိုင်းပါ

(ခ) ဘယ်ဘက်ကရေတွက်ရင် စတုတ္ထနေရာမှာရှိတဲ့ လူကို ဝိုင်းပါ







### ၅ ညာဘက်ကပုံတွေကိုသုံးပြီး မေးခွန်းတွေဖြေပါ

(က) ဘယ်ဘက်က လူနှစ်ယောက်ကို ဝိုင်းပါ



(ခ) ဘယ်ဘက်ကရေတွက်ရင် ဒုတိယနေရာမှာ ရှိတဲ့လူကို ဝိုင်းပါ



(ဂ) ညာဘက်က လူသုံးယောက်ကို ဝိုင်းပါ



(ဃ) ညာဘက်ကရေတွက်ရင် တတိယနေရာမှာ ရှိတဲ့လူကို ဝိုင်းပါ



**၃ တန်းစီရာမှာ ဇင်ဇင်က ရှေ့ဘက်ကရေတွက်ရင် စတုတ္ထနေရာမှာ ရှိတယ် ဇင်ဇင်ရဲ့ ရှေ့ဘက်မှာ လူဘယ်နှယောက်ရှိသလဲ**




၆ တန်းစီရာမှာ အောင်အောင်ရဲ့ ရှေ့ဘက်မှာ လူ ၄ ယောက်ရှိတယ် အောင်အောင်က ရှေ့ဘက်ကရေတွက်ရင် ဘယ်နေရာမှာရှိသလဲ




၇ တန်းစီရာမှာ စန်းစန်းက နောက်ဘက်ကရေတွက်ရင် တတိယနေရာမှာ ရှိတယ် စန်းစန်းရဲ့ နောက်ဘက်မှာ လူဘယ်နှယောက်ရှိသလဲ




၈ တန်းစီရာမှာ ကျော်ကျော်ရဲ့ နောက်ဘက်မှာ လူ ၃ ယောက်ရှိတယ် ကျော်ကျော်က နောက်ဘက်ကရေတွက်ရင် ဘယ်နေရာမှာရှိသလဲ



**၄ ကလေးတချို့ တန်းစီရပ်နေကြတယ် သဇင်က ရှေ့ဘက်ကရေတွက်ရင် ဒုတိယနေရာမှာ ရှိတယ် သူ့ရဲ့ နောက်ဘက်မှာ ကလေး ၅ ယောက် ရှိတယ် ကလေးဘယ်နှယောက် တန်းစီရပ်နေကြသလဲ**







ကလေးအရေအတွက်ကို ဘယ်လိုရှာမလဲ

________ + ________ = ________ အဖြေ ________ ယောက်

၅ ကလေးတချို့ တန်းစီရပ်နေတယ် မောင်စိုးက ရှေ့ဘက်ကရေတွက်ရင် တတိယနေရာမှာ ရှိတယ် နောက်ဘက်ကရေတွက်ရင် ပဉ္စမနေရာမှာ ရှိတယ် ကလေးဘယ်နှယောက်တန်းစီနေကြသလဲ




ကလေးအရေအတွက်ကို ဘယ်လိုရှာမလဲ

________________

အဖြေ ________ ယောက်

★ မသီတာမှာ မောင်နှမတွေရှိတယ် မသီတာက တတိယအငယ်ဆုံးဖြစ်ပြီး စတုတ္ထအကြီးဆုံးဖြစ်တယ် သူ့မှာ မောင်နှမ ဘယ်နှယောက်ရှိသလဲ

## လေ့ကျင့်ခန်း

၁။ ပထမမှ ပဉ္စမ အထိ၊ ပဉ္စမမှ ပထမအထိ နေရာအဆင့်ပြကိန်းများကို အသံထွက်ဖတ်ပါ။

၂။ အောက်ပါပုံကို ကြည့်ပြီး မေးခွန်းများကို ဖြေပါ။

(က) ညာဘက်မှ စတုတ္ထနေရာရှိ လူကို ဝိုင်းပါ။

(ခ) ဘယ်ဘက်မှ ပဉ္စမနေရာရှိ လူကို ဝိုင်းပါ။

(ဂ) ထွန်းထွန်း၏နေရာကို နည်း ၂ နည်းဖြင့် ပြောပါ။




၃။ ဝိုင်းပါ။

(က) ညာဘက်မှ တတိယနေရာရှိအိမ်

(ခ) ညာဘက်ရှိ အိမ် ၃ အိမ်




၄။ ကလေးတချို့ တန်းစီရပ်နေကြသည်။ မောင်မောင်သည် ရှေ့ဘက်မှ ပဉ္စမနေရာတွင် ရှိသည်။ သူ၏ ရှေ့ဘက်တွင် ကလေးမည်မျှရှိသနည်း။

၅။ လူ ၈ ယောက် တန်းစီရပ်နေကြသည်။ တင်တင်သည် နောက်ဘက်မှ တတိယနေရာ တွင် ရှိသည်။ သူ၏ ရှေ့ဘက်တွင် လူမည်မျှရှိသနည်း။

၆။ ကလေးတချို့ တန်းစီရပ်နေကြသည်။ မောင်ဦးသည် ရှေ့ဘက်မှ စတုတ္ထနေရာတွင်ရှိပြီး သူ၏နောက်ဘက်တွင် ကလေး ၅ ယောက်ရှိသည်။ ကလေးပေါင်း မည်မျှရှိသနည်း။

၇။ ကလေးတချို့ တန်းစီရပ်နေကြသည်။ နွယ်နွယ်သည် ရှေ့ဘက်မှ ပဉ္စမနေရာတွင် ရှိပြီး နောက်ဘက်မှ ဒုတိယနေရာတွင်ရှိသည်။ ကလေးမည်မျှ တန်းစီနေကြသနည်း။

# ၁၆ ပုံများဆွဲသားခြင်း

## ၁ စာရွက်ပေါ်တွင် ပစ္စည်းတင်ပြီး အနားအတိုင်း ပုံဆွဲကြရအောင်














လေးထောင့်ပုံ | သုံးထောင့်ပုံ | အဝိုင်းပုံ



အုပ်စု ၁ စုအတွင်းက ဘာတွေတူသလဲ
အုပ်စု ၃ စုက ဘာတွေကွာခြားသလဲ
တခြားထူးခြားချက်တွေကိုလည်း ရှင်းပြပါ



ပုံတချို့က မျဉ်းဖြောင့်တွေသာရှိပြီး
ပုံတချို့က မျဉ်းဖြောင့်တွေ မရှိပါဘူး

ပုံတချို့က ချွန်တဲ့ အစွန်းတွေရှိတယ်
ပုံတချို့က ချွန်တဲ့ အစွန်းတွေမရှိပါဘူး







ဒီပစ္စည်းကိုသုံးပြီး အမျိုးအစားမတူတဲ့ ပုံနှစ်ပုံကို ဆွဲပါ
ဘာပုံရသလဲ

## ၂ ပုံအမျိုးမျိုးသုံးပြီး ရုပ်ပုံတွေပြုလုပ်ကြမယ်








## ၃ တုတ်ချောင်းတွေကိုသုံးပြီး ရုပ်ပုံတွေပြုလုပ်ကြမယ်






















၄ အစက်တွေကို ဆက်ပြီး ရုပ်ပုံတွေ ဆွဲကြမယ်



## ၅ အရွယ်တူ သုံးထောင့်ပုံ ၄ ခုကိုသုံးပြီး ပုံအမျိုးမျိုးပြုလုပ်ကြမယ်


ပုံ(က)



ပေးထားတဲ့
သုံးထောင့်ပုံ ၄ ခုကိုအသုံးပြုပြီး
လေးထောင့်ပုံ ၁ ခုကို
လွယ်လွယ်ပြုလုပ်နိုင်တယ်

သုံးထောင့်ပုံတွေကို ရွှေ့ပြီး ပုံအမျိုးမျိုးလုပ်နိုင်တယ်



ပုံ(ခ)


ပုံ(ဂ)




အောက်ကပုံ ၂ ခုအတွက် သုံးထောင့်ပုံ ၄ ခုကို ဘယ်လိုထားမလဲ

ပုံ(ဃ)


ပုံ(င)




ပုံတွေထပ်လုပ်ကြည့်ပြီး မင်းတို့ရဲ့
စိတ်ကူးနဲ့ လုပ်ထားတဲ့ပုံကို
တစ်တန်းလုံးကို ပြောပြပါ

# ၁၇ ကိန်းကြီးများ

## ၂၁ မှ ၅၀ အထိကိန်းများ

### ၁ ပဲစေ့ ဘယ်လောက်ရှိသလဲ









| ဆယ် | ခု |
|---|---|
|  |  |
| ၂ | ၉ |
| ၂၉ | |




| ဆယ် | ခု |
|---|---|
|  | |
| ၃ | ၀ |
| ၃၀ | |

၂ ဆယ်နဲ့ ၉ ခုရှိတယ် ၂ ကို ဆယ်နေရာနဲ့ ၉ ကို ခုနေရာ တွင် ထားတယ် ၂၉ လို့ရေးပြီး "နှစ်ဆယ့်ကိုး" လို့ ဖတ်တယ် ဒါကြောင့် ၂ ဆယ်နဲ့ ၉ ခုက ၂၉ ဖြစ်တယ်

၃ ဆယ်နဲ့ ၀ ခုရှိတယ် ၃ ကို ဆယ်နေရာနဲ့ ၀ ကို ခုနေရာမှာ ရေးတယ် ၃၀ လို့ ရေးပြီး "သုံးဆယ်" လို့ ဖတ်တယ် ဒါကြောင့် ၃ ဆယ်နဲ့ ၀ ခု က ၃၀ ဖြစ်တယ်

၁ ရေတွက်ပြီး ကိန်းရေးပါ

(က)



__________ ကောင်

(ခ)




__________ ချောင်း

(ဂ)



__________ လုံး

(ဃ)



__________ လုံး

**၂** ဇယားတစ်ခုစီမှာ အကွက် ၂၁ ကွက်နဲ့ ၄၆ ကွက်ကို ဆွဲပါ

(က)

| ဆယ် | ခု |
|---|---|
|  | |
| ၂၁ | |

(ခ)

| ဆယ် | ခု |
|---|---|
| | |
| ၄၆ | |

**၃** ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

(က) ၁ ထုပ်မှာ စာအိတ် ၁၀ အိတ်ပါ စာအိတ်ထုပ် ၃ ထုပ်နဲ့ စာအိတ် ၂ အိတ် က အားလုံးပေါင်း စာအိတ်________အိတ်ဖြစ်တယ်

(ခ) ၁ ထုပ်မှာ ဘီစကွတ် ၁၀ ခုပါ ဘီစကွတ်ထုပ် ၄ ထုပ်နဲ့ ဘီစကွတ် ၅ ခု က အားလုံးပေါင်း ဘီစကွတ်________ခုဖြစ်တယ်

(ဂ) ၂ ဆယ်နဲ့ ၄ ခုက________ ဖြစ်တယ်

(ဃ) ၃ ဆယ်က________ ဖြစ်တယ်

(င) ၄၇ က________ ဆယ်နဲ့ ________ခု ရှိတယ်။

(စ) ဆယ်နေရာက ၄ နဲ့ ခုနေရာက ၈ ဟာ________ ဖြစ်တယ်

(ဆ) ၁၆ က________ ဟာ ဆယ်နေရာနဲ့ ________ ဟာ ခုနေရာမှာ ရှိတယ်

(ဇ)




(ဈ)




(ည)



## ၂ ဘယ်ကိန်းက ကြီးသလဲ ဘယ်ကိန်းက ငယ်သလဲ

(က) ၂၆ နဲ့ ၂၃

| ဆယ် | ခု |
|---|---|
| ၂ | ၆ |
| ၂၆ | |

| ဆယ် | ခု |
|---|---|
| ၂ | ၃ |
| ၂၃ | |




_____ က _____ ထက်ကြီးတယ်     _____ က _____ အောက်ငယ်တယ်

(ခ) ၃၅ နဲ့ ၄၁

| ဆယ် | ခု |
|---|---|
| ၃ | ၅ |
| ၃၅ | |

| ဆယ် | ခု |
|---|---|
| ၄ | ၁ |
| ၄၁ | |




_____ က _____ ထက်ကြီးတယ်     _____ က _____ အောက်ငယ်တယ်

**၄** ကြီးတဲ့ကိန်းကို ဝိုင်းပါ

(က) ၄၅ နဲ့ ၄၈     (ခ) ၃၄ နဲ့ ၂၁     (ဂ) ၄၃ နဲ့ ၃၉

**၅** ငယ်တဲ့ကိန်းကို ဝိုင်းပါ

(က) ၄၂ နဲ့ ၂၄     (ခ) ၄၀ နဲ့ ၄၄     (ဂ) ၃၈ နဲ့ ၄၆

**၆** ကွက်လပ်တွေမှာ ပေးထားတဲ့ ကိန်းအောက် ၁ ငယ်တဲ့ကိန်းနဲ့ ပေးထားတဲ့ ကိန်းထက် ၁ ကြီးတဲ့ကိန်းကို ဖြည့်ပါ

(က) _____၊ ၃၂၊ _____ (ခ) _____၊ ၂၉၊ _____ (ဂ) _____၊ ၄၀၊ _____




## ၆ ပုံကိုကြည့်ပြီး ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

(က) ၃၇ ထက် ၁ ကြီးတဲ့ကိန်းက ____ ဖြစ်တယ်

(ခ) ၂၈ အောက် ၃ ငယ်တဲ့ကိန်းက ____ ဖြစ်တယ်

(ဂ) ၃၉ ထက် ၂ ကြီးတဲ့ကိန်းက ____ ဖြစ်တယ်

(ဃ) ၃၂ အောက် ၅ ငယ်တဲ့ကိန်းက ____ ဖြစ်တယ်

(င) ၄၉ က ____ ထက် ၄ ကြီးတယ်

## ၇ ကိန်းတွေကို ဖြည့်ပါ




## ၈ ကိန်းတွေရဲ့ ကွာခြားချက်ကိုရှာပြီး ကွက်လပ်ဖြည့်ပါ

(က) ၅ ၁၀ ၁၅ ၂၀ ၂၅ ၃၀ ၃၅ ၄၀ ၄၅ ____

(ခ) ၃၀ ၃၂ ၃၄ ၃၆ ၃၈ ၄၀ ၄၂ ၄၄ ၄၆ ____

## ၉ ကိန်းတွေကို အစဉ်အတိုင်း ဖြည့်ပါ

(က) ၂၅ — ၂၆ — ☐ — ☐ — ၂၉ — ☐ — ၃၁ — ☐

(ခ) ၄၄ — ☐ — ၄၂ — ၄၁ — ☐ — ☐ — ☐ — ၃၇

**၁၀** ကိန်းတွေရဲ့ ကွာခြားချက်ကိုရှာပြီး အစဉ်လိုက်ကိန်းတွေကို ဖြည့်ပါ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| (က) | ၅ | ၁၀ | ၁၅ | | ၂၅ | | | ၄၀ |
| (ခ) | ၁၈ | ၂၀ | ၂၂ | | ၂၆ | | ၃၀ | |
| (ဂ) | ၄၅ | ၄၀ | | ၃၀ | | | ၁၅ | ၁၀ |
| (ဃ) | ၄၂ | ၄၀ | | | ၃၄ | ၃၂ | ၃၀ | |

**၁၁** ကိန်းတွေကို ငယ်ရာကကြီးရာကို စီပါ

(က) ၃၂ ၂၅ ၄၀ ၂၉ ၂၂ ၄၉

____, ____, ____, ____, ____, ____

(ခ) ၃၁ ၂၃ ၄၂ ၄၄ ၁၅ ၂၈

____, ____, ____, ____, ____, ____

**၁၂** ကိန်းတွေကို ကြီးရာကငယ်ရာကို စီပါ

(က) ၄၃ ၃၃ ၂၈ ၂၁ ၃၄ ၄၇

____, ____, ____, ____, ____, ____

(ခ) ၈ ၃၀ ၃၇ ၄၅ ၄၂ ၂၄

____, ____, ____, ____, ____, ____

## ဘာပုံဖြစ်မလဲ

အစက် ၅၀ ကို ၁ က ၅၀ အထိ ရေးထားတယ်
အစက် ၁ နဲ့ ၂ ကို မျဉ်းတစ်ကြောင်းနဲ့ ဆက်ပါ
ပြီးရင် အစက် ၂ နဲ့ ၃ ကို မျဉ်းတစ်ကြောင်းနဲ့
ဆက်ပါ ဒီအတိုင်း အစက် ၅၀ အထိ ဆက်တိုက် ဆက်ပါ
ပုံကို တွေ့လိမ့်မယ်



## ၅၁ မှ ၁၀၀ အထိကိန်းများ

### ၄ ဘယ်လောက်ရှိသလဲ

(က)  ______

(ခ)  ______

(ဂ)  ______

(ဃ)  ______

(င)  ______

### ၁၃ ကွက်လပ်တွေမှာ ကိန်းတွေကိုဖြည့်ပါ

(က) ၁ ထုပ်မှာ စာအိတ် ၁၀ အိတ်ပါ စာအိတ်ထုပ် ၉ ထုပ်နဲ့
စာအိတ် ၈ အိတ်က အားလုံးပေါင်းစာအိတ်______အိတ်ဖြစ်တယ်

(ခ) ၁ ထုပ်မှာ ဘီစကွတ် ၁၀ ခုပါ ဘီစကွတ်ထုပ် ၆ ထုပ်နဲ့
ဘီစကွတ် ၇ ခုက အားလုံးပေါင်းဘီစကွတ်______ခုဖြစ်တယ်

(ဂ) ၈ ဆယ်နဲ့ ၄ ခုက______ ဖြစ်တယ်

(ဃ) ၅ ဆယ်က______ ဖြစ်တယ်

(င) ၇၃ က ဆယ်နေရာမှာ______ နဲ့ ခုနေရာမှာ______ ရှိတယ်

(စ) ဆယ်နေရာမှာ ၈ နဲ့ ခုနေရာမှာ ၆ က______ ဖြစ်တယ်

(ဆ) ၅၉ မှာ______ က ဆယ်နေရာနဲ့ ______ က ခုနေရာမှာရှိတယ်

(ဇ) ၉၀ မှာ______က ဆယ်နေရာနဲ့ ______က ခုနေရာမှာရှိတယ်

## ၅ ၉၉ မှာ ၁ ပေါင်းရင် ဘယ်လောက်ဖြစ်သွားသလဲ








| ရာ | ဆယ် | ခု |
|---|---|---|
| ၁ | ၀ | ၀ |

**အကွက် ၁၀ ကွက်ပါတဲ့ အုပ်စု ၁၀ စု**　　**၁၀၀ ကွက်**

၉၉ ကို ၁ ပေါင်းလျှင် ၁၀ အုပ်စု ဆယ်စု ဖြစ်သည်။
၁၀ အုပ်စု ဆယ်စုကို **'တစ်ရာ'**ဟု ခေါ်သည်။
တစ်ရာကို **'၁၀၀'** ဟု ရေးသည်။
၁ ကို ရာနေရာမှာ ထားသည်။
၁၀၀ က ၉၉ ထက် ၁ ကြီးသည်။

**၁၄** ကွက်လပ်တွေမှာ ကိန်းတွေကို ဖြည့်ပါ

(က) ၁ ထုပ်မှာ စာအိတ် ၁၀ အိတ်ပါ စာအိတ်ထုပ် ၁၀ ထုပ်က စာအိတ် ________ အိတ်ပါတယ်

(ခ) ၁ စည်းမှာ ခဲတံ ၁၀ ချောင်းပါ ခဲတံ ၁၀ စည်းက ခဲတံ________ချောင်း ပါတယ်

(ဂ) ၁၀ ဆယ်စုက________ ဖြစ်တယ်

(ဃ) ၁၀၀ မှာ________က ရာနေရာ________က ဆယ်နေရာနဲ့ ________က ခုနေရာမှာရှိတယ်




## ၆ ပုံကိုကြည့်ပြီး ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

(က) ၇၅ ထက် ၃ ကြီးတဲ့ကိန်းက__________ ဖြစ်တယ်

(ခ) ၈၃ အောက် ၃ ငယ်တဲ့ကိန်းက__________ ဖြစ်တယ်

(ဂ) ၅၉ ထက် ၁၀ ကြီးတဲ့ကိန်းက__________ ဖြစ်တယ်

(ဃ) ၉၀ အောက် ၁၀ ငယ်တဲ့ကိန်းက__________ ဖြစ်တယ်

(င) ၁၀၀ က__________ ထက် ၄ ကြီးတယ်

## ၁၅ ကိန်းတွေကို ဖြည့်ပါ




## ၁၆ ကိန်းတွေရဲ့ ကွာခြားချက်ကိုရှာပြီး ကွက်လပ်ဖြည့်ပါ

(က) ၃၅ ၄၀ ၄၅ ၅၀ ၅၅ ၆၀ ၆၅ ၇၀ ၇၅ ______

(ခ) ၂၀ ၃၀ ၄၀ ၅၀ ၆၀ ၇၀ ၈၀ ၉၀ ၁၀၀ ______

## ၁၇ ကိန်းတွေကို အစဉ်အတိုင်းဖြည့်ပါ

(က) ၇၇ — ၇၈ — ☐ — ☐ — ၈၁ — ☐ — ၈၃ — ☐

(ခ) ၉၃ — ၉၂ — ☐ — ☐ — ☐ — ၈၈ — ၈၇ — ၈၆




## ၁၈ ကွာခြားချက်ရှာပြီး ကွက်လပ်များတွင် ကိန်းတွေကို ဖြည့်ပါ

(က) ၆၅ — ၇၀ — ၇၅ — ___ — ၈၅ — ၉၀ — ___ — ___

(ခ) ၂၀ — ၃၀ — ___ — ၅၀ — ၆၀ — ___ — ___ — ၉၀

(ဂ) ၈၅ — ၈၀ — ___ — ၇၀ — ___ — ___ — ၅၅ — ၅၀

(ဃ) ၁၂ — ၂၂ — ၃၂ — ___ — ___ — ၆၂ — ၇၂ — ___

## ၁၉ ကြီးတဲ့ကိန်းတွေကို ဝိုင်းပါ

(က) ၇၄ နဲ့ ၇၂ (ခ) ၈၉ နဲ့ ၉၁ (ဂ) ၈၅ နဲ့ ၅၈

## ၂၀ ငယ်တဲ့ကိန်းတွေကို ဝိုင်းပါ

(က) ၈၀ နဲ့ ၈၈ (ခ) ၇၁ နဲ့ ၆၇ (ဂ) ၆၄ နဲ့ ၄၆

## ၂၁ ကွက်လပ်တွေမှာ ၁ ငယ်တဲ့ကိန်းနဲ့ ၁ ကြီးတဲ့ကိန်းကို ဖြည့်ပါ

(က) ___၊ ၈၁၊ ___ (ခ) ___၊ ၉၉၊ ___ (ဂ) ___၊ ၇၀၊ ___

## ၂၂ ကိန်းတွေကို ဖြည့်ပါ

(က) ၅၈ → ၅၀, ___

(ခ) ၉၃ → ___, ၃

(ဂ) ___ → ၈၀, ၄

**၂၃** ကိန်းတွေကို ငယ်ရာကကြီးရာကို စီပါ

(က) ၅၉ ၇၇ ၆၅ ၈၁ ၇၃ ၅၄

____ , ____ , ____ , ____ , ____ , ____

(ခ) ၉၃ ၃၉ ၈၆ ၆၁ ၆၈ ၁၆

____ , ____ , ____ , ____ , ____ , ____

**၂၄** ကိန်းတွေကို ကြီးရာကငယ်ရာကို စီပါ

(က) ၈၇ ၈၉ ၆၆ ၉၀ ၆၈ ၅၇

____ , ____ , ____ , ____ , ____ , ____

(ခ) ၇၃ ၉၂ ၉၄ ၈၈ ၃၈ ၅၃

____ , ____ , ____ , ____ , ____ , ____

☆ အေးအေးမှာ ကိန်းကတ်ပြား ၄ ခုရှိတယ် ကတ်ပြား ၂ ခုစီနဲ့ ကိန်းတွေလုပ်ပြီး မေးခွန်းတွေကို ဖြေပါ ကိန်းတွေကို ၀ (သုည)နဲ့ မစပါနဲ့

| ၃ | ၁ | ၀ | ၆ |
|---|---|---|---|

(က) အကြီးဆုံးကိန်းက______ ဖြစ်တယ်

(ခ) အငယ်ဆုံးကိန်းက______ ဖြစ်တယ်

(ဂ) ၂၀ အောက်ငယ်တဲ့ကိန်းတွေက______ , ______နဲ့ ______ဖြစ်တယ်

(ဃ) ၆၀ ထက်ကြီးတဲ့ကိန်းတွေက______ နဲ့ ______ ဖြစ်တယ်

## ဘာပုံဖြစ်မလဲ

အစက်တွေကို ၅၀ က ၁၀၀ အထိ ရေးထားတယ် အစက် ၅၀ နဲ့ ၅၁ ကို မျဉ်းတစ်ကြောင်းနဲ့ ဆက်ပါ ပြီးရင် အစက် ၅၁ နဲ့ ၅၂ ကို မျဉ်းတစ်ကြောင်းနဲ့ ဆက်ပါ ဒီအတိုင်း အစက် ၁၀၀ အထိ ဆက်တိုက် ဆက်ပါ ပုံကို မြင်ရလိမ့်မယ်



## ၀ က ၁၀၀ အထိ ကိန်းတွေနဲ့ ဇယားတစ်ခုပြုလုပ်ကြည့်ကြမယ်

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ |
| ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ |
| ၃၀ | ၃၁ | ၃၂ | ၃၃ | ၃၄ | ၃၅ | ၃၆ | ၃၇ | ၃၈ | ၃၉ |
| ၄၀ | ၄၁ | ၄၂ | ၄၃ | ၄၄ | ၄၅ | ၄၆ | ၄၇ | ၄၈ | ၄၉ |
| ၅၀ | ၅၁ | ၅၂ | ၅၃ | ၅၄ | ၅၅ | ၅၆ | ၅၇ | ၅၈ | ၅၉ |
| ၆၀ | ၆၁ | ၆၂ | ၆၃ | ၆၄ | ၆၅ | ၆၆ | ၆၇ | ၆၈ | ၆၉ |
| ၇၀ | ၇၁ | ၇၂ | ၇၃ | ၇၄ | ၇၅ | ၇၆ | ၇၇ | ၇၈ | ၇၉ |
| ၈၀ | ၈၁ | ၈၂ | ၈၃ | ၈၄ | ၈၅ | ၈၆ | ၈၇ | ၈၈ | ၈၉ |
| ၉၀ | ၉၁ | ၉၂ | ၉၃ | ၉၄ | ၉၅ | ၉၆ | ၉၇ | ၉၈ | ၉၉ |
| ၁၀၀ | | | | | | | | | |

ဘာတွေ့သလဲ
တစ်တန်းလုံးကို
ပြောပြပါ



(က) ဇယားကို အလျားလိုက် ကြည့်ရင် ဘာတွေ့သလဲ (၁ စီတိုးသွားတယ်)

(ခ) ဇယားကို ဒေါင်လိုက် ကြည့်ရင် ဘာတွေ့သလဲ (၁၀ စီတိုးသွားတယ်)

(ဂ) အောက်ကပုံတွေဟာ အပေါ်ကဇယားရဲ့ အစိတ်အပိုင်းဖြစ်တယ်
ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

| | | | |
|---|---|---|---|
| ၇၀ | | | ၇၃ |
| ၈၀ | | ၈၂ | |






## လေ့ကျင့်ခန်း (၁)

၁။ ကွက်လပ်များတွင် ကိန်းများကို ဖြည့်ပါ။

(က) ၆ ဆယ်နှင့် ၇ ခု သည်______ဖြစ်သည်။

(ခ) ၃၈ သည်______ဆယ် နှင့်______ခုဖြစ်သည်။

(ဂ) ၉၂ တွင် ဆယ်နေရာ၌______နှင့် ခုနေရာ၌______ရှိသည်။

(ဃ) ၄၉ ထက် ၄ ကြီးသောကိန်းသည်______ဖြစ်သည်။

(င) ၁၀၀ အောက် ၁၀ ငယ်သောကိန်းသည်______ဖြစ်သည်။

(စ) ၇၄ သည် ၆၈ ထက်______ကြီးသည်။

၂။ ပိုကြီးသောကိန်းကို ဝိုင်းပါ။

(က) ၄၇ နှင့် ၇၄　　(ခ) ၆၁ နှင့် ၃၉　　(ဂ) ၅၀ နှင့် ၈၂

၃။ ကွက်လပ်များတွင် အစဉ်လိုက်ကိန်းများကို ဖြည့်ပါ။

(က) ၅၈၊___၊___၊ ၆၁၊ ၆၂　　(ခ) ___၊ ၉၇၊ ၉၈၊___၊___

(ဂ) ၄၂၊ ၄၁၊___၊___၊ ၃၈　　(ဃ) ___၊ ၇၉၊___၊___၊ ၇၆

၄။ ကွက်လပ်များတွင် အောက်ပါကိန်းများကို ဖြည့်ပါ။

| | | | |
|---|---|---|---|
| ၆၂ | ၉၁ | ၂၈ | ၇၅ |

(က) အကြီးဆုံးကိန်းသည်______ဖြစ်သည်။

(ခ) အငယ်ဆုံးကိန်းသည်______ဖြစ်သည်။

(ဂ) ၇၅ အောက်ငယ်သောကိန်းများသည်______နှင့်______ဖြစ်သည်။

(ဃ) ၆၂ အောက်ငယ်သောကိန်းသည်______ဖြစ်သည်။

(င) ၆၂ ထက်ကြီးပြီး ၉၁ အောက်ငယ်သောကိန်းသည်______ဖြစ်သည်။

(စ) ၇၅ အောက်ငယ်ပြီး ၂၈ ထက်ကြီးသောကိန်းသည်______ဖြစ်သည်။

# ၁၈ ကိန်းကြီးများပေါင်းခြင်းနှင့်နုတ်ခြင်း

**၁** ဗလာစာအုပ် ၃၀ ရှိတယ် နောက်ထပ်ဗလာစာအုပ် ၂၀ ဝယ်လာတယ် အားလုံးပေါင်းစာအုပ် ဘယ်လောက်ရှိသလဲ



| ဆယ် | ခု |
|---|---|
|  | |
|  | |







ညီမျှခြင်း ၃၀ + ၂၀ = ________ အဖြေ ________ အုပ်

**၁** တွက်ပါ

(က) ၄၀ + ၁၀ (ခ) ၆၀ + ၂၀ (ဂ) ၄၀ + ၅၀

(ဃ) ၁၀ + ၈၀ (င) ၃၀ + ၃၀ (စ) ၆၀ + ၄၀

**၂** အဖြူရောင် ပန်းပွင့် ၅ စည်းနဲ့ အနီရောင် ပန်းပွင့် ၃ စည်းရှိတယ် တစ်စည်းမှာ ပန်း ၁၀ ပွင့်ရှိတယ် ပန်းပွင့်အားလုံး ဘယ်လောက်ရှိသလဲ

## ၂ အောက်ကအပေါင်းတွေကို ဘယ်လိုတွက်မလဲ

(က) ၂၃ + ၅







၂၃ + ၅ = ________

(ခ) ၄ + ၃၂







၄ + ၃၂ = ________

### ၃ တွက်ပါ

(က) ၃၁ + ၄ (ခ) ၄၃ + ၆ (ဂ) ၇၀ + ၂ (ဃ) ၆၂ + ၅

(င) ၄ + ၈၁ (စ) ၉ + ၅၀ (ဆ) ၃ + ၄၄ (ဇ) ၇ + ၉၂

## ၃ ၄၁ + ၁၆ ကို ဘယ်လိုတွက်မလဲ







၄၁ + ၁၆ = ________

### ၄ တွက်ပါ

(က) ၃၂ + ၂၀ (ခ) ၄၀ + ၁၅ (ဂ) ၅၁ + ၁၄

(ဃ) ၅၆ + ၂၃ (င) ၂၂ + ၄၄ (စ) ၃၄ + ၆၂

## လေ့ကျင့်ခန်း (၁)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၄၀ + ၃၀ (ခ) ၄၀ + ၄၀ (ဂ) ၁၀ + ၉၀

(ဃ) ၂၀ + ၆၀ (င) ၅၀ + ၁၀ (စ) ၇၀ + ၂၀

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၂၀ + ၇ (ခ) ၆ + ၄၂ (ဂ) ၅၄ + ၅

(ဃ) ၄ + ၈၂ (င) ၆၁ + ၇ (စ) ၃ + ၆၃

၃။ အောက်ပါတို့ကို တွက်ပါ။

(က) ၂၆ + ၃၀　(ခ) ၃၅ + ၄၃　(ဂ) ၅၂ + ၃၁

(ဃ) ၅၅ + ၄၁　(င) ၄၄ + ၁၂　(စ) ၆၅ + ၂၄

၄။ အောက်ပါတို့ကို တွက်ပါ။

(က) ၃၀ + ၆၀　(ခ) ၅၅ + ၂၂　(ဂ) ၂၇ + ၄၁

(ဃ) ၅ + ၇၁　(င) ၉၂ + ၆　(စ) ၅၃ + ၃၅

၅။ ကစားကွင်းတွင် ယောကျ်ားလေး အယောက် ၃၀ နှင့် မိန်းကလေးအယောက် ၅၀ ရှိသည်။ ကစားကွင်းတွင် ကလေးအားလုံး မည်မျှရှိသနည်း။

၆။ ဘိုဘိုတွင် ဖန်ဂေါ်လီ ၄၂ လုံးနှင့် ထွန်းထွန်းတွင် ဖန်ဂေါ်လီ အလုံး ၃၀ ရှိသည်။ သူတို့တွင် ဖန်ဂေါ်လီအားလုံး မည်မျှရှိသနည်း။

၇။ ခြင်းထဲတွင် နှင်းဆီပန်း ၄၄ ပွင့် ရှိသည်။ သူဇာသည် နှင်းဆီပန်း ၃ ပွင့် နောက်ထပ်ဝယ်ပြီး ခြင်းထဲသို့ ထည့်သည်။ ခြင်းထဲတွင် နှင်းဆီပန်း မည်မျှရှိသနည်း။

၈။ ရေကန်တစ်ကန်ထဲတွင် ဘဲ ၂၈ ကောင်ရှိပြီး ကုန်းပေါ်တွင် ဘဲ ၃၁ ကောင်ရှိသည်။ ဘဲအားလုံး မည်မျှရှိသနည်း။

၉။ တိရစ္ဆာန်ရုံတွင် တိရစ္ဆာန် ၂၁ ကောင်ရှိပြီး ၆ ကောင် ထပ်ရောက်လာသည်။ တိရစ္ဆာန်အားလုံး မည်မျှရှိသနည်း။

၁၀။ အောင်အောင်တွင် သကြားလုံး ၄ ထုပ်ရှိသည်။ သူ၏အမေက သကြားလုံး ၂ ထုပ် ထပ်၍ပေးသည်။ သကြားလုံး တစ်ထုပ်လျှင် ၁၀ လုံးပါသည်။ အောင်အောင်တွင် သကြားလုံးပေါင်း မည်မျှရှိသနည်း။

**၄ ဆိုင်တစ်ဆိုင်မှာ ဗလာစာအုပ် အုပ် ၇၀ ရှိတယ် ဗလာစာအုပ် အုပ် ၃၀ ကို ရောင်းလိုက်ရင် ဗလာစာအုပ်ဘယ်လောက်ကျန်သလဲ**






ညီမျှခြင်း ၇၀ − ၃၀ = ________ အဖြေ ______ အုပ်

၅ တွက်ပါ။

(က) ၄၀ − ၁၀ (ခ) ၈၀ − ၆၀ (ဂ) ၉၀ − ၃၀

(ဃ) ၇၀ − ၄၀ (င) ၆၀ − ၅၀ (စ) ၁၀၀ − ၄၀

၆ ပန်းဆိုင်တစ်ဆိုင်မှာ ပန်း ၅ စည်းရှိတယ် ပန်း ၃ စည်းကို ရောင်းလိုက်တယ် ပန်းတစ်စည်းမှာ ပန်းပွင့် ၁၀ ပွင့်ရှိရင် ပန်းပွင့်ဘယ်လောက်ကျန်သလဲ

## ၅ ၂၈ − ၄ ကို ဘယ်လိုတွက်မလဲ







၂၈ − ၄ = ________

### ၇ တွက်ပါ

(က) ၃၆ − ၂ (ခ) ၄၈ − ၅ (ဂ) ၈၁ − ၁ (ဃ) ၆၇ − ၄

(င) ၅၉ − ၆ (စ) ၇၅ − ၃ (ဆ) ၉၉ − ၇ (ဇ) ၆၅ − ၅

## ၆ ၅၄ − ၃၀ ကို ဘယ်လိုတွက်မလဲ







၅၄ − ၃၀ = ________

### ၈ တွက်ပါ

(က) ၂၄ − ၁၀ (ခ) ၄၆ − ၂၀ (ဂ) ၇၃ − ၄၀ (ဃ) ၆၈ − ၅၀

(င) ၈၉ − ၃၀ (စ) ၉၁ − ၆၀ (ဆ) ၅၇ − ၅၀ (ဇ) ၇၇ − ၃၀

## ၇ ၃၈ − ၂၆ ကို ဘယ်လိုတွက်မလဲ







၃၈ − ၂၆ = ________

**၉** တွက်ပါ

(က) ၂၇ − ၁၃ (ခ) ၄၅ − ၂၁ (ဂ) ၆၉ − ၃၇ (ဃ) ၇၄ − ၂၃

(င) ၃၆ − ၃၂ (စ) ၉၈ − ၅၄ (ဆ) ၅၆ − ၅၁ (ဇ) ၈၇ − ၃၅

### လေ့ကျင့်ခန်း (၂)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၄၀ − ၂၀ (ခ) ၆၀ − ၃၀ (ဂ) ၉၀ − ၅၀

(ဃ) ၇၀ − ၆၀ (င) ၈၀ − ၁၀ (စ) ၁၀၀ − ၈၀

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၃၅ − ၃ (ခ) ၅၆ − ၂ (ဂ) ၄၇ − ၇

(ဃ) ၆၅ − ၄ (င) ၈၈ − ၆ (စ) ၉၇ − ၅

၃။ အောက်ပါတို့ကို တွက်ပါ။

(က) ၄၆ − ၃၀ (ခ) ၇၈ − ၂၀ (ဂ) ၆၄ − ၂၁

(ဃ) ၇၅ − ၆၂ (င) ၃၉ − ၁၇ (စ) ၉၈ − ၇၃

၄။ အောက်ပါတို့ကို တွက်ပါ။

(က) ၄၇ − ၄ (ခ) ၈၀ − ၅၀ (ဂ) ၅၈ − ၃၁

(ဃ) ၆၄ − ၆၀ (င) ၉၆ − ၃ (စ) ၇၄ − ၂၂

၅။ ကျောင်းပန်းခြံထဲတွင် ပန်းပွင့် ၅၀ ရှိသည်။ ပန်းပွင့် ၂၀ ကို ခူးလိုက်သည်။ ကျောင်းပန်းခြံထဲတွင် ပန်းပွင့်မည်မျှကျန်သနည်း။

၆။ တန်းခွဲ(က)တွင် ကျောင်းသား ၄၉ ယောက်ရှိပြီး ၂ ယောက် ပျက်ကွက်သည်။ ကျောင်းသားမည်မျှ ကျောင်းတက်သနည်း။

၇။ တန်းခွဲ (ခ)တွင် မိန်းကလေး ၂၅ ယောက်နှင့် ယောကျ်ားလေး ၂၁ ယောက်ရှိသည်။ မိန်းကလေးသည် ယောကျ်ားလေးထက် မည်မျှပိုများသနည်း။

၈။ အိတ်ထဲတွင် ဆီးသီးထုပ် ၅၉ ထုပ်ရှိသည်။ အောင်အောင်ကို ၂၇ ထုပ်ပေးပြီး ဇော်ဇော်ကို ကျန်သည့် ဆီးသီးထုပ်များ ပေးလိုက်သည်။ ဇော်ဇော်သည် ဆီးသီးထုပ် မည်မျှရသနည်း။

၉။ ကျောင်းကားတွင် ထိုင်ခုံ ၃၈ ခုံ ရှိသည်။ ထိုင်ခုံ ၃၁ ခုံတွင် ကျောင်းသားများထိုင်နေကြသည်။ ထိုင်ခုံအလွတ် မည်မျှရှိသနည်း။

၁၀။ တောင်းထဲတွင် ဆီးသီးအလုံး ၁၀၀ ရှိသည်။ ဆီးသီးအလုံး ၄၀ ကို စုစုအားပေးပြီး ကျန်သည့် ဆီးသီးများကို မြမြအား ပေးသည်။ မည်သူက ဆီးသီးပိုရသနည်း။ မည်မျှပိုရသနည်း။

# နာရီပြုလုပ်နည်း




## ပြုလုပ်ပုံ

ကတ်ထူစက္ကူ သို့မဟုတ် မာသောအပြားပေါ်တွင် အဝိုင်းပုံဆွဲပါ။ အကွာအဝေးတူသော အငုတ် ၁၂ ခုမှတ်သားပါ။ ပုံတွင် ပြထားသည့်အတိုင်း ၁ မှ ၁၂ အထိ ကိန်းများကို ရေးပါ သို့မဟုတ် ပြက္ခဒိန်မှ ကိန်းများကို ညှပ်ပြီး ကပ်ပါ။ ပုံပါအတိုင်း နာရီလက်တံတိုနှင့် လက်တံရှည်များပြုလုပ်ပါ။ အလယ်တွင် လက်တံတိုနှင့် လက်တံရှည်များကို လှည့်နိုင်အောင် မူလီဖြင့်တပ်ထားပါ။

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်
ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ နည်းပညာကူညီပံ့ပိုးမှုပေးပါသည်။